မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၉ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၁/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

**နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း**

၁။ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဥပဒေရေးရာကိစ္စရပ်များကို အကြံပြုတင်ပြနိုင်ရန်အတွက် ဦးပေါ်လွင်စိန် (သံအမတ်ကြီး၊ အငြိမ်းစား) အား နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

၂။ အကြံပေးပုဂ္ဂိုလ်အား လစဉ်ချီးမြှင့်ငွေ ၇၀၀,၀၀၀/- (ကျပ်ခုနစ်သိန်းတိတိ) သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရန်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

**ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ **ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဝန်ကြီး — အဖွဲ့ဝင်
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဂ) ဝန်ကြီး အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဃ) တိုင်းဦးစီး (ဗိုလ်မှူးကြီး) အဖွဲ့ဝင်
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဈ) အတွင်းရေးမှူး အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ည) တပ်ဖွဲ့မှူး အဖွဲ့ဝင်
ကချင်ပြည်နယ်ရဲတပ်ဖွဲ့

(ဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) နေရပ်စွန့်ခွာရသူများအနေဖြင့် ဂုဏ်သိက္ခာရှိရှိဖြင့် ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုမူဝါဒနှင့် စံချိန်စံညွှန်းများကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပိတ်သိမ်းမည့်စခန်းရွေးချယ်ခြင်း၊ ပြန်လည်နေရာချထားမည့် နေရာရွေးချယ်ခြင်းနှင့် ရှေ့ပြေးအစီအစဉ် (Pilot Program) ရေးဆွဲခြင်းများဆောင်ရွက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) နေရပ်စွန့်ခွာရသူများအတွက် လိုအပ်သည့် စားဝတ်နေရေးလိုအပ်ချက်များအား ချမှတ်ထားသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီအထောက်အပံ့များ ပေးအပ်ရန်၊

(င) ပဋိပက္ခများကြောင့် အထက်တန်းနှင့် အဆင့်မြင့်ပညာများ ချိတ်ဆက်သင်ကြားခွင့် မရနေသူများအတွက် ပေါင်းကူးအစီအစဉ်များ ချိတ်ဆက်ဖော်ဆောင်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) နေရပ်စွန့်ခွာရသူများ ပျက်စီးပျောက်ဆုံးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ရရှိရေးစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) နေရပ်စွန့်ခွာသူများ၏ မူလမြေပိုင်ဆိုင်မှုစာရင်းဇယားမှန်ကန်မှုရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ရန်၊

(ဇ) နေရပ်စွန့်ခွာရသူများ နေရပ်ပြန်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာပူးပေါင်းပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း (Stakeholder) များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဈ) လုပ်ငန်းအဖွဲ့၏ အကောင်အထည်ဖော်မှုအခြေအနေအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ နှစ်လချင်တစ်ကြိမ် တင်ပြရန်။

၃။ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်ရန်ပုံငွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တောင်းခံသုံးစွဲရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၈၂/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**(၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုံခြုံရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/ ၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **(၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ** မှ **လုံခြုံရေးကော်မတီ** တွင် အဖွဲ့ဝင်၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်)

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေအခန်း (၃)၊ ပုဒ်မ (၅) ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဦးခင်ဇော်
ဒုတိယဝန်ကြီး (ငြိမ်း)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးကျော်စန်ဝင်း
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(စ) ဦးဝင်းကျော်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန

(ဆ) ဦးကြည်သာ
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကအဖွဲ့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၃၈၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကလေးသူငယ်တရားသူကြီး ဒေါ်သိမ့်သိမ့်ထွေး (တ/၂၆၈၈) အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) အရ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည် -

(၁) မရမ်းကုန်းမြို့နယ်
(၂) ကမာရွတ်မြို့နယ်
(၃) လှိုင်မြို့နယ်
(၄) ရန်ကင်းမြို့နယ်
(၅) ကြည့်မြင်တိုင်မြို့နယ်
(၆) စမ်းချောင်းမြို့နယ်
(၇) အလုံမြို့နယ်
(၈) လမ်းမတော်မြို့နယ်
(၉) လသာမြို့နယ်
(၁၀) ပန်းဘဲတန်းမြို့နယ်
(၁၁) ကျောက်တံတားမြို့နယ်
(၁၂) ဗိုလ်တထောင်မြို့နယ်
(၁၃) ပုဇွန်တောင်မြို့နယ်
(၁၄) ဗဟန်းမြို့နယ်
(၁၅) ဒဂုံမြို့နယ်
(၁၆) မင်္ဂလာတောင်ညွန့်မြို့နယ်
(၁၇) တာမွေမြို့နယ်
(၁၈) သာကေတမြို့နယ်
(၁၉) ဒေါပုံမြို့နယ်
(၂၀) ဆိပ်ကမ်းမြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလ အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးကျုံးထောင်းလျန် တ/၃၅၀၉ | (မြို့နယ်တရားသူကြီးတာဝန်) ထန်တလန်၊ ချင်းပြည်နယ် |
| ၂။ | ဦးထွဏ်းလှိုင်ဝင်း တ/၃၄၆၆ | (မြို့နယ်တရားသူကြီးတာဝန်) လဟယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးသက်ပိုင်မှူး တ/၃၄၇၇ | (မြို့နယ်တရားသူကြီးတာဝန်) မချမ်းဘော၊ ကချင်ပြည်နယ် |
| ၄။ | ဦးမျိုးသူရထွန်း တ/၃၄၇၉ | (မြို့နယ်တရားသူကြီးတာဝန်) ဒီးမော့ဆို၊ ကယားပြည်နယ် |
| ၅။ | ဦးသွင်မွန်ဦး တ/၃၄၆၄ | (မြို့နယ်တရားသူကြီးတာဝန်) မိုင်းဆတ်၊ ရှမ်းပြည်နယ် |
| ၆။ | ဦးထက်ဝေယံမြင့် တ/၃၅၁၄ | (မြို့နယ်တရားသူကြီးတာဝန်) မက်မန်း၊ ရှမ်းပြည်နယ် |
| ၇။ | ဦးစိန်မြတ်ကြူ တ/၃၅၀၃ | (မြို့နယ်တရားသူကြီးတာဝန်) အင်ဂျန်းယန်၊ ကချင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ အမည်ပြောင်းလဲခြင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သော **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့** (အစား) **အသေးစား၊ အငယ်စားနှင့် အလတ်စား**

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၀၄၊ ဦးပိုင်အမှတ် (၄၄၊ ၄၅၊ ၄၆၊ ၄၇)၊ **ရွှေဘုံသာကျောင်းတိုက်** မူလသာသနာမြေဧရိယာ **(၂. ၀၉) ဧက** အနက်မှ **(၀. ၀၄) ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးကြည် [၉/အမရ (နိုင်) ၀၁၁၈၁၃]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲ၏ အတည်ပြုချက်အရ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် **အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့**များအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဦးကျော်ကျော်ထွန်း | ညွှန်ကြားရေးမှူး<br>အထွေထွေဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးဝင်းလွင် | ဒုတိယညွှန်ကြားရေးမှူး<br>အထွေထွေဌာန | အဖွဲ့ဝင် |
| (၃) | ဦးဟိန်းသူ | ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန | အဖွဲ့ဝင် |
| (၄) | ဦးကောင်းညွန့် | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံတကာရေးရာဌာန | အဖွဲ့ဝင် |

(ခ) **ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဒေါ်ဆွေဆွေနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးအောင်သိုက်ဝင်း | ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃) | ဦးတင်လင်း | ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အဖွဲ့ဝင် |
| (၄) | ဦးမြင့်နိုင် | ဒုတိယညွှန်ကြားရေးမှူး<br>မြေယာဌာန | အဖွဲ့ဝင် |

(ဂ) **ပညာပေးရေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဦးအေးမောင်ကြည် | ကျောင်းအုပ်ကြီး<br>အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်အေးအေးချစ် | ညွှန်ကြားရေးမှူး<br>လေ့ကျင့်ရေးနှင့် သုတေသနဌာန | အဖွဲ့ဝင် |
| (၃) | ဦးအောင်သိုက် | ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်ဆွေဆွေလွင် | ဒုတိယညွှန်ကြားရေးမှူး<br>လေ့ကျင့်ရေးနှင့် သုတေသနဌာန | အဖွဲ့ဝင် |

၂။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်ကိစ္စရပ်များ စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့်ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့် နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့အား အဖွဲ့များအနေဖြင့် ဆောင်ရွက်ရန်နှင့် တွေ့ရှိချက်များအား စိစစ်၍ အစီရင်ခံတင်ပြသွားရန်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
မြင့်သန်း၊ ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

### မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဖွဲ့စည်းပုံအင်အား လျှော့ချဖွဲ့စည်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို **ဝန်ကြီးရုံး (၁) ရုံးနှင့် ဌာန (၁၂) ခု** တွင် အရာထမ်းရာထူး **(၈၄၁၁)** နေရာ၊ အမှုထမ်းရာထူး **(၁၀၆၂၉၀)** နေရာ၊ စုစုပေါင်းရာထူး **(၁၁၄၇၀၁)** နေရာဖြင့် ဖွဲ့စည်းထားရာမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဖွဲ့စည်းပုံအင်အား အရာထမ်းရာထူး **(၂၇၅)** နေရာ၊ အမှုထမ်းရာထူး **(၃၁၆၁)** နေရာ၊ စုစုပေါင်းရာထူး **(၃၄၃၆)** နေရာကိုလျှော့ချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် **ဝန်ကြီးရုံး (၁) ရုံးနှင့် ဌာန (၁၁) ခု** အရာထမ်းရာထူး **(၈၁၃၆)** နေရာ၊ အမှုထမ်းရာထူး **(၁၀၃၁၂၉)** နေရာ၊ စုစုပေါင်းရာထူး **(၁၁၁၂၆၅)** နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၇၅) ဧကရှိသောနယ်မြေကို "ဇော်ဂျီရေထွက်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ (၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဒေသအခေါ် ကုလားကြီးချောင်းဖျားထိပ်နေရာ ခန့်မှန်းမြေပုံညွှန်း (LM-194442) နေရာမှ အစပြု၍ ကုလားကြီးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ လူသွားလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (LM-198441) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဇော်ဂျီလွင်နှင့် တောစပ်အတိုင်း အရှေ့တောင်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ ဇော်ဂျီချောင်းရိုးဘေး ခန့်မှန်းမြေပုံညွှန်း (LM-200436) အထိ၊ ထိုမှ ဇော်ဂျီချောင်းရိုးဘေးအတိုင်း အနောက်တောင်ယွန်းယွန်းသို့ (၅) သံကြိုးခန့်လာရာ ဇော်ဂျီရေထွက်ပေါက် ခန့်မှန်းမြေပုံညွှန်း (LM-198435) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LM-200434) အထိ၊ ထိုမှ လူသွားလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၈) သံကြိုးခန့်လာရာ လူသွားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (LM-201435) အထိ၊ ထိုမှ တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၁) ဖာလုံ (၅) သံကြိုးခန့်လာရာ လူသွားလမ်းနှင့် ရိုးခြောက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (LM-202433) အထိ၊ ထိုမှ ရိုးခြောက်အတိုင်း အရှေ့မြောက်ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်လာရာ ယာခင်းစပ် ခန့်မှန်းမြေပုံညွှန်း (LM-204434) အထိ၊ ထိုမှ ကုန်းကြောကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၇) သံကြိုးခန့်လာရာ တောင်ယာကွက်ထောင့် ခန့်မှန်းမြေပုံညွှန်း (LM-205433) အထိ၊ ထိုမှ လူသွားလမ်းအတိုင်း အနောက်တောင်ဘက်သို့ (၈) သံကြိုးခန့်လာရာ ရိုးခြောက်ထိပ် ခန့်မှန်းမြေပုံညွှန်း (LM-204431) အထိ၊ ထိုမှ ရိုးခြောက်အတိုင်း အနောက်တောင်ယွန်းယွန်းသို့ (၈) သံကြိုးခန့်လာရာ ရိုးနှင့် လှည်းလမ်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (LM-203430) အထိ၊ ထိုမှ သိမ်ကန်အရှေ့ဘက် လှည်းလမ်းအတိုင်း အနောက်တောင်ဘက်သို့ (၂) ဖာလုံ (၃) သံကြိုးခန့်လာရာ သိမ်ကန်အရှေ့တောင်ထောင့် ခန့်မှန်းမြေပုံညွှန်း (LM-202427) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၆) သံကြိုးခန့်လာရာ သိမ်ကန်အနောက်တောင်ထောင့် ရိုးထိပ် ခန့်မှန်းမြေပုံညွှန်း (LM-200427) အထိ၊ ထိုမှ (သိမ်ကန်အနောက်ဘက် ယာခင်းစပ်အတိုင်း) မြောက်ဘက်သို့ (၁) ဖာလုံ (၅) သံကြိုးခန့်လာရာ လှည်းလမ်း ခန့်မှန်းမြေပုံညွှန်း (LM-200432) အထိ၊ ထိုမှ လှည်းလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၇) သံကြိုးခန့်လာရာ မြေမဲတွင်းရိုးခြောက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (LM-198432) အထိ၊ ထိုမှ မြေမဲတွင်းရိုးအတိုင်း အနောက်တောင်ဘက်သို့ (၂) ဖာလုံ (၁) သံကြိုးခန့်လာရာ ဇော်ဂျီကုန်းကြောထိပ် ခန့်မှန်းမြေပုံညွှန်း (LM-195428) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဇော်ဂျီကုန်းကြောယာခင်းစပ်အတိုင်း အနောက်မြောက်ယွန်းယွန်းသို့ (၃) ဖာလုံခန့် လာရာ ဇော်ဂျီရိုးအပေါ် ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (LM-192434) အထိ၊ ထိုမှ ဇော်ဂျီကုန်းကြောယာခင်းစပ်အတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ (၁) ဖာလုံ (၈) သံကြိုးခန့်လာရာ ကုန်းထိပ်လူသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (LM-194436) အထိ၊ ထိုမှ ကုန်းကြောလမ်းအတိုင်း မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (LM-194442) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပင်းတယမြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပင်းတယမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးထွန်းဝေ<br>ဒေသခံပြည်သူ၊ ရေဖြူကျေးရွာအုပ်စု၊ ပင်းတယမြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးကျော်ဟိုး<br>ဒေသခံပြည်သူ၊ ဇော်ဂျီကျေးရွာ၊ ပင်းတယမြို့နယ် | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်သစ်တောဦးစီးဌာန၊ ပင်းတယမြို့နယ် | အတွင်းရေးမှူး |

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၉)

## ကြိုးဝိုင်းတောဖွဲ့စည်းရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈၂,၇၁၀) ဧကရှိသောနယ်မြေကို "မဏ္ဍာသာကြိုးဝိုင်းတော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ (၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်) မှစ၍ ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ တလယ်ချောင်းခန့်မှန်းမြေပုံညွှန်း (Y-155867) မှ အရှေ့တောင်ဘက်သို့ ချောင်းအတိုင်း (၅) ဖာလုံ (၅) သံကြိုးခန့်လာရာ တလယ်ချောင်းလက်တက်အဆုံ ခန့်မှန်းမြေပုံညွှန်း (Y-164862) အထိ၊ ထိုမှ တလယ်ချောင်းအတိုင်းအရှေ့ဘက်သို့ (၂) ဖာလုံ (၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-169860) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောကျန်ကိုဖြတ်၍ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-170859) အထိ၊ ထိုမှ ချောင်းဘေးရှိ တောင်ယာကိုပတ်၍ (၄) ဖာလုံ (၁) သံကြိုးခန့်လာရာ တလယ်ချောင်းဆုံနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-174854) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တလယ်ချောင်းအတိုင်း (၆) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-184847) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တလယ်ချောင်းအတိုင်း (၅) ဖာလုံ (၅) သံကြိုးခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-194854) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တလယ်ချောင်းအတိုင်း (၁) မိုင် (၅) သံကြိုးခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-208863) အထိ၊ ထိုမှ တောကိုဖြတ်၍ အနောက်မြောက်ဘက်သို့ (၁) ဖာလုံ (၅) သံကြိုးခန့်လာရာ ချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (Y-206865) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လူသွားလမ်းကိုဖြတ်၍ (၁) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-208866) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံ (၇) သံကြိုးခန့်လာရာ ထန်ကဝါချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (Y-212864) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ထန်ကဝါချောင်းလက်တက်ကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-218867) အထိ၊ ထိုမှ အရှေ့ဘက်သို့ ထီးလှိုင်ဖလယ်ချောင်းကိုဖြတ်၍ (၆) ဖာလုံ (၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-231866) အထိ၊ ထိုမှ တောင်ယာကိုပတ်၍ (၂) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-237867) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) ဖာလုံ (၇) သံကြိုးခန့်လာရာ သပြုချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-245854) အထိ၊ ထိုမှ လယ်များကိုပတ်၍ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ လှည်းလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-251864) အထိ၊ ထိုမှ လှည်းလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၂) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-257868) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ သပြုချောင်းလက်တက်နှင့် နောင်ဂုတ်ချောင်းလက်တက်နှစ်ခုဖြတ်၍ (၁) မိုင် (၇) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၈၂၀) ပေအနီး ခန့်မှန်းမြေပုံညွှန်း (Y-276843) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-277827) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ကြာကမုတ်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-278802) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကြာကမုတ်ချောင်းအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-283798) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံ (၆) သံကြိုးခန့်လာရာ ကြာကမုတ်ချောင်းသို့ စီးဝင်သည့် ချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-288802) အထိ၊ ထိုမှ ၎င်းချောင်းလက်တက်အတိုင်း အရှေ့တောင်ဘက်သို့ (၆) ဖာလုံ (၈) သံကြိုးခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-299795) အထိ၊ ထိုမှ ကွန်တိုအတိုင်း အရှေ့ဘက်သို့ (၁) မိုင် (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-312786) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကွန်တိုအတိုင်း (၁) မိုင် (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-625294) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ပိုင်သန်တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (D-613275) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပိုင်သန်တောင်ကြောထိပ်အတိုင်း (၃) မိုင် (၂) ဖာလုံခန့်လာရာ မြန်မာပြည်နယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-646231) အထိ၊ ထိုမှ တောင်ဘက်သို့ မြန်မာပြည်နယ်နိမိတ်အတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-644214) အထိ၊ ထိုမှ ကွန်တိုအတိုင်း အနောက်တောင်ယွန်းယွန်းသို့ (၃) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-636211) အထိ၊ ထိုမှ အရှေ့

တောင်ဘက်သို့ ကွန်တိုအတိုင်း (၃) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-638203) အထိ၊ ထိုမှ တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ထီးမွန်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-635191) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံ (၅) သံကြိုးခန့်လာရာ ထီးမီးအောင် တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (D-625195) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောထိပ် အတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-604205) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ မက္ကသာ ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-597183) အထိ၊ ထိုမှ ချောင်းအတိုင်း အရှေ့တောင် ဘက်သို့ (၆) ဖာလုံ (၄) သံကြိုးခန့်ဆန်တက်ရာ ခန့်မှန်းမြေပုံညွှန်း (D-602173) အထိ၊ ထိုမှ ချောင်းအတိုင်းတောင်ဘက်သို့ (၂) ဖာလုံ (၆) သံကြိုးခန့်ဆန်တက်ရာ ခန့်မှန်း မြေပုံညွှန်း (D-604173) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (D-601152) အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ကြော အတိုင်း (၄) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-591151) အထိ၊ ထိုမှ ကွန်တိုပတ်၍ တောင်ဘက်သို့ (၄) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-587144) အထိ၊ ထိုမှ ကွန်တိုအတိုင်း မြောက်ဘက်သို့ (၃) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-586150) အထိ၊ ထိုမှ လုံအင်းချောင်းလက်တက်အတိုင်း အနောက် မြောက်ဘက်သို့ (၅) ဖာလုံ (၅) သံကြိုးခန့် စုန်ဆင်းရာ ခန့်မှန်းမြေပုံညွှန်း (D-577152) အထိ၊ ထိုမှ ကွန်တိုအတိုင်းပတ်၍ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (D-580149) အထိ၊ ထိုမှ ကွန်တိုအတိုင်းပတ်၍ အနောက်ဘက်သို့ (၇) ဖာလုံခန့် လာရာ ထီးမီးအောင်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-566146) အထိ၊ ထိုမှ ချောင်း အတိုင်း အနောက်မြောက်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်စုန်ဆင်းရာ ခန့်မှန်းမြေပုံညွှန်း (D-540176) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ မြန်မာပြည် နယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-532165) အထိ၊ ထိုမှ တောင်ယာများကိုပတ်၍ တောင်ကြောထိပ်အတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (D-514170) အထိ၊ ထိုမှ တောင်ကြောအတိုင်း တောင်ဘက်သို့ (၁) မိုင်ခန့် လာရာ မြန်မာပြည်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (D-517153) အထိ၊ ထိုမှ မြန်မာပြည် နယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-512150) အထိ၊ ထိုမှ မက္ကသာချောင်းအတွင်းသို့ စီးဝင်သည့် လက်တက်အတိုင်း အနောက်မြောက်ဘက်သို့ (၆) ဖာလုံ (၂) သံကြိုးခန့် စုန်ဆင်းလာရာ ချောင်းလက်တက် နှစ်ခုဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-501158) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းလက်တက်များအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခရွှန်ဝါချောင်းလက်တက်နှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-477145) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ မြန်မာပြည်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (D-475132) အထိ၊ ထိုမှ မြန်မာပြည်နယ်နိမိတ် အတိုင်း အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-471130) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-458131) အထိ၊ ထိုမှ ခရွှန်ဝါချောင်းအတိုင်း မြောက်ဘက်သို့ (၃) မိုင် (၇) ဖာလုံခန့် စုန်ဆင်းရာ မက္ကသာချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (D-448187) အထိ၊ ထိုမှ မက္ကသာချောင်းအတိုင်း အနောက်တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်စုန်ဆင်းရာ ခန့်မှန်းမြေပုံညွှန်း (D-412175) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ တောင်ကြောထိပ်အတိုင်း (၇) မိုင် (၄) ဖာလုံခန့်လာရာ ကားလမ်းနှင့် ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (Y-131786) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ဝမ်ဖောင်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (Y-137788) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့် ဆန်တက်ရာ ချောင်းလက်တက်နှင့်ဆုံသည့်

နေရာ ခန့်မှန်းမြေပုံညွှန်း (Y-149806) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောများ အတိုင်း (၃) မိုင် (၆) ဖာလုံခန့်လာရာ တလယ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (Y-148855) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တလယ်ချောင်းလက်တက်အတိုင်း (၇) ဖာလုံခန့်စုန်ဆင်းလာရာ မူလစတင်သည့်နေရာ တလယ်ချောင်း ခန့်မှန်းမြေပုံညွှန်း (Y-155867) အထိ။

## ၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတောနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ခ) အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ **စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ခ) အရ သစ်တောကြေးတိုင်အရာရှိ ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ စိစစ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | သစ်တောကြေးတိုင်အရာရှိ (မြို့နယ်အုပ်ချုပ်ရေးမှူး)<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ် | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ် | အဖွဲ့ဝင် |
| ၃။ | စောဘဂျမ်း<br>ဒေသခံပြည်သူ၊ မက္ကသာကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ကျော်စလွဲ<br>ဒေသခံပြည်သူ၊ သပြုကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် | အဖွဲ့ဝင် |
| ၅။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ် | အတွင်းရေးမှူး |

# **(ပြည်ထောင်စုဝန်ကြီးရုံး)**
# **အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉)**

## **ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၃၀) ဧကရှိသော နယ်မြေကို "မျှင်တောင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ (၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ အင်းယားကျေးရွာ၏ အရှေ့မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (G-115667) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-119665) အထိ၊ ထိုမှ တောင်ဘက်သို့ (၀.၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-118664) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ မျှင်တောင်ရွာနှင့် သပြေရေရွာသွား လှည်းလမ်းဘေး ခန့်မှန်းမြေပုံညွှန်း (G-121663) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ မျှင်တောင်ရွာနှင့် သပြေရေရွာသွား လှည်းလမ်းအတိုင်း တောင်ဘက်သို့ (၃) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (G-122658) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံကျော်ခန့် လာရာ မျှင်တောင်ရွာ၏ အနောက်ဘက် ခန့်မှန်းမြေပုံညွှန်း (G-121655) အထိ၊

တောင်ဘက် ။ ။ ထိုမှ လှည်းလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-116658) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-115660) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ အင်းယားကျေးရွာ၏ အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (G-112662) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်အတိုင်း (၃) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (G-115667) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များ အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက် များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးအောင်မင်း<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးအောင်စိုး<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၆။ | ဦးမောင်ငြိမ်း<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၇။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၃၉) ဧကရှိသော နယ်မြေကို "ရေပျံတောင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ (၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ရွှေသင်းကျေးရွာ၏ အနောက်တောင်ဘက် (၃) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (G-042597) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၀. ၂၀) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-042597) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၂၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-042598) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၄၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-043597) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၈၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-045597) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၃၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-045597) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၉၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-047598) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၃၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-047598) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၄၀) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-048598) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၉၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-050599) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၅၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052597) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၃၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052596) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၆၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052595) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၃၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052594) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၄၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-051594) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၉၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-050592) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၄၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-050591) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၄၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-053592) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၉၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-054590) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၈၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052587) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၀၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-054586) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၅၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(G-054585) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၂၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-054584) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၃၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-053584) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၃၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-053584) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၄၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052584) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၂၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-051583) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၃၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052581) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၁၈) ဖာလုံခန့်လာရာ ဘော်ကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (G-053580) အထိ၊ ထိုမှ တောင်ဘက်သို့ ဘော်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၄. ၈၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-052570) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ ဘော်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၄. ၅၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-042569) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၄. ၈၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-040580) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄. ၂၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-038588) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂. ၅၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-040594) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၁၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-041596) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၃၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-042596) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၅၇) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (G-042597) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးအောင်မင်း<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးကြည်ထွန်း<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၆။ | ဦးထွန်းထွန်းဝင်း<br>ဒေသခံပြည်သူ၊ ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| ၇။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် | အတွင်းရေးမှူး |

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

အမှတ် ၂၆ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ကလေးကျန်းမာပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၃၇၆၇ | ဒေါက်တာမြင့်နီလာ<br>M.Med.Sc (Paed;)<br>Dr.Med.Sc<br>တွဲဖက်ပါမောက္ခ<br>ကလေးကျန်းမာပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ကလေးကျန်းမာပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၂။ | ၁၄၉၅၃ | ဒေါက်တာကျော်မျိုး<br>M.Med.Sc (Paed;)<br>Dr.Med.Sc<br>M.R.C.P.CH<br>တွဲဖက်ပါမောက္ခ<br>ကလေးကျန်းမာပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ကလေးကျန်းမာပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၂၇ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ သွားရောဂါကုပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | သခ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၇၀၄ | ဒေါက်တာဝင်းလွင်<br>M.D.Sc<br>Dr.D.Sc<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>သွားရောဂါကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>သွားရောဂါကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>သွားရောဂါကုပညာဌာန၊ ပါမောက္ခ/ဌာနမှူး<br>ရာထူးကိုသုံးစွဲ၍] |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၂၈ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ကလေးသွားကျန်းမာရေးပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **သခ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၁၀၄ | ဒေါက်တာစိုးနိုင်<br>M.D.Sc<br>Dr.D.Sc<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ကလေးသွားကျန်းမာရေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>(ပါမောက္ခ/ဌာနမှူးရာထူးကို ကျော်ထောက်နောက်ခံပြု၍) | ပါမောက္ခ<br>ကလေးသွားကျန်းမာရေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ကလေးသွားကျန်းမာရေးပညာဌာန၊ ပါမောက္ခ/ဌာနမှူးရာထူးကိုသုံးစွဲ၍] |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၂၉ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ သွားညှိကုပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **စဉ်** | **သခ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၇၀၂ | ဒေါက်တာနီလာဆွေ<br>M.D.Sc<br>Dr.D.Sc<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>သွားညှိကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>သွားညှိကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) သွားညှိကုပညာဌာန၊ ပါမောက္ခ/ဌာနမှူးရာထူးကိုသုံးစွဲ၍] |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၃၀ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပြုလုပ်ပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ သွားဖုံးရောဂါကုပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **သခ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၉၀၇ | ဒေါက်တာအောင်ကျော်ဦး<br>Dip.D.Sc<br>M.D.Sc<br>Dr.D.Sc<br>တွဲဖက်ပါမောက္ခ<br>သွားဖုံးရောဂါကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) | ပါမောက္ခ<br>သွားဖုံးရောဂါကုပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>သွားဖုံးရောဂါကုပညာဌာန၊ ပါမောက္ခ/<br>ဌာနမှူးရာထူးကိုသုံးစွဲ၍] |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့်အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၃၁ ။ ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **သခ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၁၃၆ | ဒေါက်တာကျော်ကျော်မြင့်<br>M.D.Sc<br>Ph.D<br>တွဲဖက်ပါမောက္ခ<br>သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်<br>ဇီဝကမ္မဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒဌာန<br>ပါမောက္ခ/ဌာနမှူးရာထူးကိုသုံးစွဲ၍] |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့်အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၉ အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ်၊ ၅/၂၀၁၉ ၏ သဘောတူခွင့်ပြုချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၇ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဘဏ္ဍာငွေပြည့်ဝစွာ ရရှိရေးအတွက် အခွန်စည်းကြပ်မှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုဦးစီးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့နှင့် မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဘဏ္ဍာရေးဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အတွင်းရေးမှူး |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) **အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခွန်အပြည့်အဝကောက်ခံရရှိရေး လှုပ်ရှားဆောင်ရွက်မှုများအတွက် ဆောင်ရွက်သွားမည့် အဆင့်များနှင့် ထိုအဆင့်များကို အကောင်အထည်ဖော်ဆောင်မည့်ကာလများ သတ်မှတ်ပေးခြင်း၊

(၂) အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့များ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(၃) လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံလာနိုင်သည့်ကိစ္စများအတွက် မူဝါဒသတ်မှတ်ပေးခြင်း၊

(၄) အခါအားလျော်စွာ ဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ပြီး တင်ပြချက်များအပေါ် လမ်းညွှန်ခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊

(၅) လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ကုန်ကျမည့်အသုံးစရိတ်အတွက် မူဝါဒချမှတ်ပေးခြင်း၊

(၆) နိုင်ငံတော်၏ အခွန်ဘဏ္ဍာကောက်ခံမှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပြုပြင်ပြောင်းလဲသင့်သည့်အခြေအနေများကို ဖော်ထုတ်ခြင်း၊

(၇) အခွန်ကောက်ခံမှုကို ဥပဒေနှင့်ညီညွတ်မျှတစေလျက် စနစ်တကျတိုးတက်လာစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၈) အခွန်ထမ်းများ တာဝန်သိသိလိုလားစွာ အခွန်ထမ်းဆောင်လာစေရန် စည်းရုံးဆောင်ရွက်ခြင်း များကို တိုင်းပြည်နှင့်အဝန်းလုပ်ဆောင်ခြင်း၊

(၉) အခွန်မပေးကျန်ငွေများနှင့်ပတ်သက်၍ အရကောက်ခံမှုဆောင်ရွက်ခြင်းအတွက် လိုအပ် သည်ကို ကူညီပံ့ပိုးခြင်း၊

(၁၀) အခွန်အပြည့်အဝထမ်းဆောင်သော နိုင်ငံသားလုပ်ငန်းရှင်များကို ဂုဏ်ပြုချီးမြှင့်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၁၁) တိုင်းဒေသကြီး/ပြည်နယ်တို့အတွင်း အခွန်အပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းအကောင် အထည်ဖော်ဆောင်မှု အခြေအနေများအားကြီးကြပ်ခြင်း၊

(၁၂) ဤလုပ်ငန်းအတွက် ချမှတ်ပေးထားသော ဘဏ္ဍာရေးရန်ပုံငွေကို စနစ်တကျချွေတာစွာ သုံးစွဲရေး အတွက် လိုအပ်သည့် ဘဏ္ဍာငွေသုံးစွဲခြင်းဆိုင်ရာ ညွှန်ကြားချက်အား ရေးဆွဲထုတ်ပြန်ခြင်း။

(ဂ) **တိုင်းဒေသကြီး/ပြည်နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဘဏ္ဍာရေးဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ် | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၉) | လုပ်ငန်းရှင်အသင်းအဖွဲ့ ဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး | အတွင်းရေးမှူး |

**(ဃ) တိုင်းဒေသကြီး/ပြည်နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) တိုင်းဒေသကြီး/ပြည်နယ်တို့အတွင်း အခွန်အပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု အခြေအနေများအား ကြီးကြပ်ခြင်း၊

(၂) မူဝါဒနှင့်ပတ်သက်သည်များအတွက် ဦးစီးကော်မတီ၏ လမ်းညွှန်မှုကို တောင်းခံရယူဆောင်ရွက်ခြင်း၊

(၃) တိုင်းဒေသကြီး/ပြည်နယ်တို့အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေကို တစ်လတစ်ကြိမ် ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၄) ဤလုပ်ငန်းအတွက် ချမှတ်ပေးထားသော ဘဏ္ဍာရေးရန်ပုံငွေကို စနစ်တကျချွေတာစွာသုံးစွဲရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေသုံးစွဲခြင်းဆိုင်ရာ ညွှန်ကြားချက်အား ရေးဆွဲထုတ်ပြန်ခြင်း၊

(၅) မြို့နယ်အဆင့်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

**(င) မြို့နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | မြို့နယ်အခွန်ဦးစီးဌာနမှူး | အတွင်းရေးမှူး |

**(စ) မြို့နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့သို့ တင်ပြလမ်းညွှန်မှု ခံယူခြင်း၊

(၂) လုပ်ငန်းအမျိုးတူလုပ်ငန်းရှင်များအား ခေါ်ယူထိတွေ့၍ အခွန်ဆိုင်ရာ အသိပေးရှင်းလင်းခြင်း၊

(၃) မိမိမြို့နယ်အတွင်း လုပ်ငန်းလုပ်ကိုင်နေသူများ၊ အခြေပစ္စည်းရောင်းချသူများ၊ ဝယ်ယူ/တည်ဆောက်သူများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူစုစည်းခြင်း၊

(၄) စည်းကြပ်တောင်းခံထားသည့် အခွန်များ၊ လစဉ်ပေးသွင်းရမည့် အခွန်ငွေများအပြည့်အဝကောက်ခံရရှိရေး ပူးပေါင်းကူညီခြင်း။

၂။ အထက်ဖော်ပြပါ ဖွဲ့စည်းထားသည့်ကော်မတီနှင့် အဖွဲ့အဆင့်ဆင့်အလိုက် အဖွဲ့ဝင်များတွေ့ဆုံခြင်း၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းအသိပေးခြင်း၊ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ညှိနှိုင်းခြင်း အစရှိသည့် ကြိုတင်ပြင်ဆင်မှုများကို ဖွဲ့စည်းမိန့်ရရှိပြီးသည်မှ ရက်သတ္တပတ် ၂ ပတ်အတွင်း အပြီးဆောင်ရွက်ရမည်။ ကော်မတီနှင့် အဖွဲ့အဆင့်ဆင့်တို့သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ ပါ လုပ်ပိုင်ခွင့်ကို ခံယူကျင့်သုံးဆောင်ရွက်နိုင်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၄။ ယခင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂၈/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ၊ ပြည်ပမှ ပြည်တွင်းသို့ဖြစ်စေ ကုန်စည်များတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုသည့်အခါ ယင်းကုန်စည်များအတွက် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန် ကောက်ခံရမည့်နှုန်းထားနှင့် နည်းလမ်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ပို့ကုန်ကို ကျပ်ငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ နိုင်ငံခြားငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုးကို တင်ပို့သည့်နေ့ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကသတ်မှတ်သော နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် တွက်ချက်၍ရရှိသော ပို့ကုန်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့် ကောက်ခံရမည်။

(ခ) သွင်းကုန်အပေါ် အကောက်ခွန်စည်းကြပ်တန်ဖိုး (Assessed Value) ၏ နှစ်ရာခိုင်နှုန်းကို ဝင်ငွေနှစ် အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့် ကောက်ခံရမည်။

၂။ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံရမည့် ပို့ကုန်သွင်းကုန်များတွင် အောက်ပါတို့ပါဝင်သည် -

(က) နယ်စပ်ကုန်သွယ်မှုစနစ် (Border Trade System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ၊

(ခ) နယ်စပ်ကုန်သွယ်မှုစခန်းမှ ပုံမှန်ကုန်သွယ်မှုစနစ် (Normal Trade through Border System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ၊

(ဂ) ပုံမှန်ကုန်သွယ်ရေးစနစ် (Normal Trade System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ။

၃။ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံရမည့် ပို့ကုန်သွင်းကုန်များတွင် အောက်ပါတို့ အကျုံးဝင်ခြင်း မရှိစေရ -

(က) ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုငွေဖြင့် တင်ပို့တင်သွင်းသည့် ကုန်စည်များ၊

(ခ) ယာဉ်အိုယာဉ်ဟောင်းအပ်နှံထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်အမည်ဖြင့် တင်သွင်းသည့် မော်တော်ယာဉ်များ၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်အရ ရရှိထားသည့် အခွန်အကောက် ကင်းလွတ်ခွင့်နှင့်အညီ လုပ်ငန်းများ၏ လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင် တန်ဆာပလာများနှင့် လုပ်ငန်းတည်ဆောက်ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်စည်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းကုန်စည်များ၊

(ဃ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ လှူဒါန်းထောက်ပံ့သဖြင့် တင်သွင်းလာသည့် ကုန်စည်များ၊

(င) မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ၊ လူနာတင်ယာဉ်များ (ပုဂ္ဂလိကလုပ်ငန်းများမှ တင်သွင်းသည့် ဆေးရုံလုပ်ငန်းသုံးယာဉ်များမပါ)

(စ) လက်ခစားလုပ်ငန်းများအတွက် တင်သွင်းသည့် ကုန်ကြမ်းကုန်စည်များ၊

(ဆ) Draw Back စနစ်ဖြင့် တင်သွင်းသည့် ကုန်စည်များ၊

(ဇ) ယာယီတင်သွင်းမှု (Temporary Importation) စနစ်ဖြင့် တင်သွင်းလာသည့် ကုန်စည်များ။

၄။ အထက်အပိုဒ် (၁) ပါ နှုန်းများအတိုင်း ကောက်ခံထားသည့် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်များကို အပြီးသတ်စည်းကြပ်မှုအရ ကျသင့်ဝင်ငွေခွန်မှ ခုနှိမ်ပေးရမည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၆။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ ယခင် အမိန့်ကြော်ငြာစာ အမှတ်၊ ၇/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေးဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း ၃ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည် -

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက် | ၀၂၈၁/၂၀၁၉ |
| ၂။ | LB Microfinance Myanmar Co.,Ltd | ၀၂၈၃/၂၀၁၉ |
| ၃။ | စိန်နန်းတော် စက်မှုလက်မှုနှင့်အသေးစား ငွေကြေးလုပ်ငန်းကုမ္ပဏီလီမိတက် | ၀၂၈၆/၂၀၁၉ |

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေးဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း ၆ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ပြန်လည်ပိတ်သိမ်းလိုက်သည် -

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | ငွေနန်းထက်ကုမ္ပဏီလီမိတက် | ၀၀၁၉/၂၀၁၂ |
| ၂။ | IDE Proximity Designs | ၀၀၇၈/၂၀၁၂ |
| ၃။ | ဝင်းဆုဝန်ဆောင်မှုကုမ္ပဏီလီမိတက် | ၀၁၁၆/၂၀၁၂ |

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၄။ | အရုဏ်ဦးလူမှုဖွံ့ဖြိုးရေးအသင်း | ၀၁၁၉/၂၀၁၂ |
| ၅။ | မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း | ၀၁၃၀/၂၀၁၂ |
| ၆။ | ရွှေမြိုင်သူကုမ္ပဏီလီမိတက် | ၀၁၈၇/၂၀၁၃ |

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ခေတ္တညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(ဃ) အမြဲတမ်းအတွင်းဝန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိမရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်ပြဋ္ဌာန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့သည့် ဝန်းကျင်တစ်ရပ် ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) ပို့ကုန်မြှင့်တင်မည့်လုပ်ငန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို စနစ်တကျထုတ်ယူအသုံးချနိုင်မည့်လုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ထူထောင်မည့်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ပြည်ပ

ငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဃ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသော လုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်၊

(င) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ် ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(စ) ဝန်ကြီးဌာန စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဆ) ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဇ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဈ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့် တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှု များကို ထိရောက်စွာထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဋ) နိုင်ငံခြားတိုင်းပြည်နှင့်ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ နိုင်ငံခြားငွေသုံးစွဲမှုနှင့်အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါခေါ်ချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေရန် ကော်မတီက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက် ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေး ကော်မတီသို့ အမှာစာများတင်ပြရန်ဖြစ်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းဦးစီးဌာနပိုင် မန္တလေး (သပိတ်ကျင်း)-တကောင်း-ဗန်းမော် (ဆဝမ်ကတောင်) လမ်း၏ စစ်ကိုင်းတိုင်းဒေသကြီးလမ်းပိုင်းဖြစ်သော ၁၀၀/၂ မိုင်မှ ၁၁၇/၀ မိုင်အထိ ၁၆ မိုင် ၆ ဖာလုံလမ်းပိုင်းအား အုပ်ချုပ်မှုဆိုင်ရာနယ်မြေပိုင်းခြားမှုအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လမ်းပိုင်း အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ သို့ဖြစ်ပါ၍ မန္တလေး (သပိတ်ကျင်း)-တကောင်း-ဗန်းမော် (ဆဝမ်ကတောင်) လမ်း စုစုပေါင်း လမ်းမိုင်အရှည် ၁၈၂ မိုင် ၆ ဖာလုံတွင်ပါဝင်သော လမ်းပိုင်းများအား တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

| စဉ် | လမ်းပိုင်း | လမ်းအရှည် | စတင်သည့် နေရာ | လမ်းဆုံးသည့် နေရာ |
|---|---|---|---|---|
| (က) | မန္တလေးတိုင်းဒေသကြီး | ၆၀ မိုင် ၃ ဖာလုံ | ၀/၀ မိုင် | ၆၀/၃ မိုင် |
| (ခ) | စစ်ကိုင်းတိုင်းဒေသကြီး | ၃၉ မိုင် ၇ ဖာလုံ | ၆၀/၃ မိုင် | ၁၀၀/၂ မိုင် |
| | | ၂ မိုင် | ၁၁၇/၀ မိုင် | ၁၁၉/၀ မိုင် |
| (ဂ) | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁၆ မိုင် ၆ ဖာလုံ | ၁၀၀/၂ မိုင် | ၁၁၇/၀ မိုင် |
| (ဃ) | ကချင်ပြည်နယ် | ၆၃ မိုင် ၆ ဖာလုံ | ၁၁၉/၀ မိုင် | ၁၈၂/၆ မိုင် |
| **စုစုပေါင်း** | | **၁၈၂ မိုင် ၆ ဖာလုံ** | **၀/၀ မိုင်** | **၁၈၂/၆ မိုင်** |

## အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်နှင့် ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ထားသော အောက်ပါလမ်းပိုင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်၍ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ လမ်းဦးစီးဌာနပိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြို့နယ်-ကျေးရွာများဆက်သွယ်သည့်လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ရွာသစ်-ထနောင်းကိုင်းလမ်း

(ခ) လမ်းအရှည် - ၁၃ မိုင် ၅ ဖာလုံ ၃၂၀ ပေ သို့မဟုတ် ၂၂. ၀၂၅ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - မြို့သာ-ငါန်းဇွန်-ကျောက်တစ်လုံးလမ်း ၁၇/၇ မိုင် သို့မဟုတ် ၀/၀ မိုင်၊ ရွာသစ်ရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ရန်ကုန်-ပြည်-မန္တလေးလမ်း ၄၉၇/၂ မိုင် သို့မဟုတ် ၁၃ မိုင် ၅ ဖာလုံ ၃၂၀ ပေ၊ ထနောင်းကိုင်းရွာ

(င) လမ်းနယ်နိမိတ်အကျယ် - ၁၀၀ ပေ

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည်စုစုပေါင်းကို ၅၃၁၁ မိုင် ၆. ၉၃ ဖာလုံ သို့မဟုတ် ၈၅၄၆. ၇၉၃ ကီလိုမီတာဟု လျှော့ချ၍လည်းကောင်း၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည်စုစုပေါင်းကို ၁၅၅၂ မိုင် ၄ ဖာလုံ ၁၄၅ ပေ သို့မဟုတ် ၂၄၉၈. ၅၅ ကီလိုမီတာဟု တိုးမြှင့်၍လည်းကောင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၇၀/၂၀၁၉

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ - ၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇ စီ)၊ မြေကွက်အမှတ် (၅ ဘီ/၂)၊ ဧရိယာ (၀. ၈၅၉) ဧကနှင့် မြေကွက်အမှတ် (၅ အီး/၂)၊ ဧရိယာ (၀. ၈၂၄) ဧက၊ စုစုပေါင်းဧရိယာ (၁. ၆၈၃) ဧကရှိ အစိုးရမြေနေရာကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

( ခ ) မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

( ဂ ) မြေကို အသုံးပြုရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း | ၂၇ စီ | ၅ ဘီ/၂ | ၀ | ၈၅၉ | |
| ״ | ״ | ״ | ၅ အီး/၂ | ၀ | ၈၂၄ | |
| စုစုပေါင်း | | | | ၁ | ၆၈၃ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ပြည်လမ်း၊ 5F

အနောက်လားသော် - မြေကွက်အမှတ်-၅ဘီ/၁+၅အီး/၁

တောင်လားသော် - လမ်း

မြောက်လားသော် - ဗားဂရာလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇ စီ)၊ မြေကွက်အမှတ် (၅ ဘီ/၂)၊ ဧရိယာ (၀. ၈၅၉) ဧကနှင့် မြေကွက်အမှတ် (၅ အီး/၂)၊ ဧရိယာ (၀. ၈၂၄) ဧက၊ စုစုပေါင်းဧရိယာ (၁. ၆၈၃) ဧကရှိ အစိုးရမြေကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅ ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၁၂၂၅/၁)၊ ဧရိယာ (၀. ၃၈၁) ဧကရှိ အစိုးရမြေနှင့် မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၄၁၅/က)၊ ဧရိယာ (၀. ၁၁၂) ဧကရှိ အစိုးရမြေနေရာများကို စေတနာဆေးပေးခန်းအဖြစ် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ စေတနာဆေးပေးခန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၅ ရွှေပေါက်ကံ | ၁၂၂၅/၁ | ၀ | ၃၈၁ | |
| ။ | ။ | ၅ | ၄၁၅/က | ၀ | ၁၁၂ | |
| **စုစုပေါင်း** | | | | **၀** | **၄၉၃** | |

၃။ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၁၂၂၅/၁) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - လမ်း
အနောက်လားသော် - လမ်း
တောင်လားသော် - အင်းဝလမ်း
မြောက်လားသော် - မြေကွက်အမှတ် (၁၂၂၅)

မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၄၁၅/က) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်လပ် (အစိုးရမြေ)
အနောက်လားသော် - သဇင်လမ်း
တောင်လားသော် - (အစိုးရမြေ)
မြောက်လားသော် - (အစိုးရမြေ)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅ ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၁၂၂၅/၁)၊ ဧရိယာ (၀. ၃၈၁) ဧကရှိ အစိုးရမြေနှင့် မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၄၁၅/က)၊ ဧရိယာ (၀. ၁၁၂) ဧကရှိ အစိုးရမြေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၂/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၁ ဒီ)၊ ဧရိယာ (၀. ၈၂၆) ဧကရှိ အစိုးရမြေနေရာကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အသုံးပြုရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | သာကေတ | (၁၀/တောင်) | ၁ ဒီ | ၀ | ၈၂၆ | |
| **စုစုပေါင်း** | | | | **၀** | **၈၂၆** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - နဝရတ်လမ်း
အနောက်လားသော် - သန်လျင်တံတား ချဉ်းကပ်လမ်း
တောင်လားသော် - သန်လျင်တံတား ချဉ်းကပ်လမ်း
မြောက်လားသော် - ပညာရုံသီကျောင်း၊ ဓမ္မသုခကျောင်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၁ ဒီ)၊ ဧရိယာ (၀. ၈၂၆) ဧကရှိ အစိုးရမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ - ၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၁၆၅)၊ ဧရိယာ (၀. ၆၇၉) ဧကရှိ အစိုးရမြေနေရာကို လမ်းဦးစီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လမ်းဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

( ခ ) ထိုမြေကို လမ်းဦးစီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

( ဂ ) မြေကို အသုံးပြုရာတွင် လမ်းဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှု ရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ရွှေပြည်သာ | ၂၈ | ၁၆၅ | ၀ | ၆၇၉ | |
| **စုစုပေါင်း** | | | | **၀** | **၆၇၉** | |

၃။ မြေကွက်အမှတ် (၁၆၅) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - စကားဝါလမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - မြေနီလမ်း

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၁၆၅)၊ ဧရိယာ (၀. ၆၇၉) ဧကရှိ အစိုးရမြေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) တို့၏ သဘောတူညီချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်လှလှခိုင် | ဒုတိယဦးစီးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ | ဦးစီးအရာရှိ<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ |
| (ခ) | ဒေါ်စုသန္တာလွင် | ဒုတိယဦးစီးမှူး<br>ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ<br>ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## အမိန့်အမှတ် ၅/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

### ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဧည့်လမ်းညွှန်**ဆိုသည်မှာ ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆို ရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ

အခကြေးငွေရယူ၍ စီစဉ်ဆောင်ရွက်ပေးသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်သူများ ပါဝင်ခြင်းမရှိစေရ -

(၁) ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးသည် ယင်းလုပ်ငန်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်အရ လုပ်ငန်းရုံးစိုက်ရာဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် လုပ်ငန်းရုံးစိုက်ရာဒေသအတွင်း ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအလို့ငှာမဟုတ်ဘဲ လူမှုရေးအရ မိမိ၏ ဆွေမျိုး မိတ်ဆွေ မိတ်သင်္ဂဟ တစ်ဦးဦးအား မိမိနေထိုင်ရာဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် မိမိနေထိုင်ရာဒေသအတွင်း ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း။

(ခ) **ဒေသဆိုင်ရာဧည့်လမ်းညွှန်**ဆိုသည်မှာ သတ်မှတ်ထားသော နယ်မြေဒေသအတွင်း ခရီးသည်များအား လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ စီစဉ်ဆောင်ရွက်ပေးသူကို ဆိုသည်။

(ဂ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသော ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

၂။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် -

(က) အသက် (၂၀) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) နိုင်ငံခြားဘာသာစကားတစ်ခုခုကို ကောင်းစွာတတ်ကျွမ်းသူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနမှ ဖွင့်လှစ်သော ဧည့်လမ်းညွှန်သင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဆ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ။

၃။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) လိုင်စင်လျှောက်လွှာ၊

(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) ဧည့်လမ်းညွှန်သင်တန်းဆင်း အောင်လက်မှတ်မိတ္တူ၊

(င) လိုင်စင်လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံနှင့် ၁" × ၁" အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်။

၄။ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် -

(က) အသက် (၁၈) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ သို့မဟုတ် ယင်းအဆင့်နှင့်တူညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။

(ဂ) နိုင်ငံခြားဘာသာစကားတစ်ခုခုကို ကောင်းစွာတတ်ကျွမ်းသူဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာဒေသ၌ ဖွင့်လှစ်သော ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဆ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ။

၅။ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်လွှာ၊

(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) သက်ဆိုင်ရာဒေသ၌ ဖွင့်လှစ်ခဲ့သော ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းဆင်းအောင်လက်မှတ်မိတ္တူ၊

(င) လိုင်စင်လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ကူးထားသည့် ၁"×၁" အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်။

၆။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်ရက်မှ အလုပ်လုပ်ရက် (၂၀) ရက်အတွင်းစိစစ်၍ ဆုံးဖြတ်ချက်ကို လုပ်ငန်းလိုင်စင်လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၇။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ လိုင်စင်ပြန်လည်လျှောက်ထားပါက သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ကြေးကို ပေးသွင်းရမည်။

၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်ရက်မတိုင်မီ ရက်ပေါင်း (၆၀) အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီထံ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက်ကျော်လွန်ပြီးမှ လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာပါက ထိုကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း ကျသင့်သည့် လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၀။ လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်အသစ်လဲလှယ်ကြေးကို ပေးသွင်းရမည်။

၁၁။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်အသစ်လဲလှယ်ခြင်းများအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ရက်ပေါင်း (၃၀) အတွင်း လိုင်စင်ကြေးပေးသွင်း၍ လုပ်ငန်းလိုင်စင်ကိုထုတ်ယူရမည်။ ယင်းကာလကျော်လွန်ပြီးမှ ထုတ်ယူပါက ကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ အမိန့်အမှတ် ၃/၂၀၁၁၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၇/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သည် "အာဆီယံ ဥပဒေပညာရှင်များ အသင်း (မြန်မာ) ASEAN Law Association (Myanmar)" ကို ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းမြင့်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာခင်ချစ်ချစ်<br>ပါမောက္ခ<br>ဥပဒေပညာဌာန<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာခင်ဖုန်းမြင့်ကြူ<br>ပါမောက္ခ၊ ဥပဒေပညာဌာန<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၆) | ဦးစိုးတင့်ရည် (စဉ်-၁၄၈၇)<br>တရားလွှတ်တော်ရှေ့နေ<br>တရားလွှတ်တော်ရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (၇) | ဦးစိုးသိန်း (စဉ်-၄၇၀၁)<br>တရားလွှတ်တော်ရှေ့နေ<br>တရားလွှတ်တော်ရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာသီတာဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |

(၉) ဒေါက်တာဆွေဆွေအောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂။ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) ၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) အာဆီယံနိုင်ငံများရှိ ဥပဒေပညာရှင်များကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အာဆီယံဥပဒေပညာရှင်များအသင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် မိမိနိုင်ငံနှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စရပ်များကိစ္စ ပါဝင်ဆွေးနွေးခြင်း၊

(ဂ) အာဆီယံနိုင်ငံများကြား ချုပ်ဆိုသည့်စာချုပ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ အငြင်းပွားမှုပေါ်ပေါက်ပါက အနုညာတခုံသမာဓိဖြင့် ဖျန်ဖြေရာတွင် ကျွမ်းကျင်မှုအကူအညီပေးခြင်း၊

(ဃ) ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုခြင်း၊

(င) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ကဖြစ်စေ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ဖြစ်စေ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) သို့ ဝင်ရောက်လိုပါက စိစစ်ထောက်ခံပေးခြင်း။

၃။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၇/၂၀၁၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၇၂။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်အောင် (ဥ/၂၁၆၇) အား လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန်လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထွန်းထွန်းဦး၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှလှချစ် (၅၂၂၄) ကို ဤရုံး၊ ရုံးအဖွဲ့ (ဦးစီးရုံး) တွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ရက်မှစ၍ ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မော်သန်း၊
ပြည်ထောင်စုစာရင်းစစ်ချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့နှင့် ဦးစီးဌာန (၂) ခုမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၅) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်ကြူကြူအေး<br>ရုံးအုပ်<br>ဥက္ကဋ္ဌရုံးအဖွဲ့ | ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံးအဖွဲ့ |
| (၂) | ဦးစိုးပိုင်<br>ရုံးအုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၃) | ဒေါ်ချောချောကေသွယ်ကြိုင်<br>ရုံးအုပ်<br>ဥက္ကဋ္ဌရုံးအဖွဲ့ | ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံးအဖွဲ့ |
| (၄) | ဒေါ်သိန်းသိန်းဆင့်<br>ရုံးအုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန |
| (၅) | ဒေါ်ယဉ်ယဉ်လှ<br>ရုံးအုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန |

### အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယစစ်ဆေးရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (၁) | ဒေါ်ခေတ္တာဟန်<br>ဒုတိယစစ်ဆေးရေးမှူး | ဦးစီးအရာရှိ |
| (၂) | ဒေါ်သင်းသင်းစိုး<br>ဒုတိယစစ်ဆေးရေးမှူး | ဦးစီးအရာရှိ |

### အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၉)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီးပွားရေးပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်မင်းမင်းစန်း အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အထူးအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်အရ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီးပွားရေး

ပညာဌာနတွင် လစ်လပ်လျက်ရှိသည့် ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ပါမောက္ခ ဒေါ်မင်းမင်းစန်း အား စီးပွားရေးပညာဌာန၏ ပါမောက္ခ (ဌာနတာဝန်ခံ) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃/ ၂၀၁၉)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ အောက်ဖော်ပြပါ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၅) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်နွယ်နွယ်ဝင်း<br>နည်းပြ<br>စီမံခန့်ခွဲမှုပညာဌာန | လက်ထောက်ကထိက<br>စီမံခန့်ခွဲမှုပညာဌာန |
| (၂) | ဒေါ်မာမာမင်း<br>နည်းပြ<br>စီမံခန့်ခွဲမှုပညာဌာန | လက်ထောက်ကထိက<br>စီမံခန့်ခွဲမှုပညာဌာန |
| (၃) | ဒေါ်သဲစုနောင်<br>နည်းပြ<br>ဥပဒေပညာဌာန | လက်ထောက်ကထိက<br>ဥပဒေပညာဌာန |
| (၄) | ဒေါ်မြစီ<br>နည်းပြ<br>နိုင်ငံရေးသိပ္ပံပညာဌာန | လက်ထောက်ကထိက<br>နိုင်ငံရေးပညာဌာန<br>(စီမံခန့်ခွဲမှုပညာဌာန၊<br>လက်ထောက်ကထိကရာထူးကိုရယူ၍) |
| (၅) | ဒေါ်ဆန်းအိမွန်<br>နည်းပြ<br>အင်္ဂလိပ်ဘာသာပညာဌာန | လက်ထောက်ကထိက<br>အင်္ဂလိပ်ဘာသာပညာဌာန |

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အထူးအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်အရ လက်ထောက်ကထိက ဒေါ်မြစီ အား ယင်းတက္ကသိုလ်ရှိ စီမံခန့်ခွဲမှုပညာဌာနရှိ လက်ထောက်ကထိက ရာထူးနေရာကိုရယူ၍ ခန့်ထားသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၄/ ၂၀၁၉)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ ဥပဒေပညာဌာနမှ အောက်ဖော်ပြပါ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (၁) | ဒေါ်လွင်လွင်မာ<br>နည်းပြ | လက်ထောက်ကထိက |

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (၂) | ဒေါ်ဝင်းဝင်းထွန်း (ခ) ဝင်းဝင်းအိ နည်းပြ | လက်ထောက်ကထိက |

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီးပွားရေးပညာဌာနမှ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးမျိုးမင်းရှိန် အား ယင်းပညာဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီမံခန့်ခွဲမှုပညာဌာနမှ နည်းပြ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးအောင်နိုင်စိုး အား ယင်းပညာဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိက လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

## ရုံးအမိန့်အမှတ် (၁၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

## ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၇/၂၀၁၆) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း ၏ ကိုယ်ရေးအရာရှိရာထူးနေရာတွင် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးအကူ ဦးအောင်စိုးဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၈/မသန(နိုင်) ၁၁၉၉၄၄] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ အမှန်တကယ်အလုပ်ဝင်ရောက်သည့် ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ အမြင့်ဆုံးလစာနှုန်းထား (၂၉၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာန၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (ရန်ကုန်ဘဏ်ခွဲ) မှ ညွှန်ကြားရေးမှူး ဦးဝင်းထိုက် အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့တွင် တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ အခွန်ဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၆၁၁ ဦးမောင်မောင်ဇော် အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (န) အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

မန္တလေးမြို့၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

အမှတ် ၁ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ မြစ်သားမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၇ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ မြစ်သားမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငွေးရမ်းခတန်ဖိုး၏ (၇ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေအခန်း (၂၄)၊ ပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

ပစ္စည်းခွန်အမိန့်ကြော်ငြာစာများနှင့်ပတ်သက်၍ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယခင်ထုတ်ပြန်ထားသော စည်းကမ်းများကို ပယ်ဖျက်လိုက်သည်။

မန္တလေးမြို့၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၂။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိက အဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငွေးရမ်းခတန်ဖိုး၏ (၇ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့်မြေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငွေးရမ်းခတန်ဖိုး၏ (၄ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများသုံးလမ်းဘေးရေငုတ်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်း တည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငွေးရမ်းခတန်ဖိုး၏ (၃ ရာခိုင်နှုန်း) နှုန်းဖြင့် ရေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

အမှတ် ၃။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငွေးရမ်းခတန်ဖိုး၏ (၆ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငွေးရမ်းခတန်ဖိုး၏ (၂ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

အမှတ် ၄ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိက အဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၇ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၈ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့် စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

အမှတ် ၅ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ သာစည်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၉ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ သာစည်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၉ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

အမှတ် ၆ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၇ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၈ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

ဒေါက်တာရဲလွင်၊
ဝန်ကြီး၊
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန။

# မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# (၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ တိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်း ကောက်ခံရန် သတ်မှတ်သည်။"

၄။ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၁၀၀၀၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေ ပေးသွင်းရမည်။"

၅။ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၁၀၀၀၀၀၀ အထက်မှ ကျပ် ၅၀၀၀၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။"

၆။ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀၀ အထက်ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေ ပေးသွင်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ပြင်ဆင်သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ခွန် နှုန်းထားများ

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁ | D-1<br>ဒီ-၁ | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀-၅၀၀ = ၅၀၀၀၀၀၀<br>၅၀၀-၁၀၀၀ = ၁၀၀၀၀၀၀၀<br>၁၀၀၀ အထက် = ၁၅၀၀၀၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀၀ = ၁၀၀၀၀၀၀၀<br>၅၀၀-၁၀၀၀ = ၂၅၀၀၀၀၀၀<br>၁၀၀၀ အထက် = ၅၀၀၀၀၀၀၀ |
| ၂ | D-2<br>ဒီ-၂ | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁၀၀၀၀၀၀ | ၂၀၀၀၀၀၀ |
| ၃ | W-1<br>ဒဗလျူ-၁ | ဝိုင်အရက်များထုတ်လုပ်ခွင့်လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ၄ | FL-4<br>အက်ဖ်အယ်လ်-၄ | ပြည်ပမှတင်သွင်းသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့်အရောင်ဆိုးခွင့် | ၁၀၀၀၀၀၀ | ၂၅၀၀၀၀၀ |
| ၅ | FL-5<br>အက်ဖ်အယ်လ်-၅ | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင် | ၁၀၀၀၀၀၀ | ၂၅၀၀၀၀၀ |
| ၆ | FL-6<br>အက်ဖ်အယ်လ်-၆ | မြန်မာပြည်တွင်းရှိအရက်ချက်စက်ရုံမှထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | မန္တလေး = ၂၅၀၀၀၀၀<br>မိတ္ထီလာ၊မြင်းခြံ = ၁၅၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ | မန္တလေး = ၅၀၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊မြင်းခြံ၊ ညောင်ဦး) မြို့ = ၂၅၀၀၀၀၀<br>အခြားမြို့များ = ၁၅၀၀၀၀၀ |
| ၇ | B-1<br>ဘီ-၁ | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀-၅၀၀ = ၅၀၀၀၀၀၀<br>၅၀၀-၁၀၀၀ = ၁၀၀၀၀၀၀၀<br>၁၀၀၀ အထက် = ၁၅၀၀၀၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀၀ = ၂၅၀၀၀၀၀၀<br>၅၀၀-၁၀၀၀ = ၅၀၀၀၀၀၀၀<br>၁၀၀၀ အထက် =၁၀၀၀၀၀၀၀၀ |
| ၈ | B-2<br>ဘီ-၂ | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁၀၀၀၀၀၀ | ၂၀၀၀၀၀၀ |
| ၉ | FL-8<br>အက်ဖ်အယ်လ်-၈ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀၀ | ၂၀၀၀၀၀၀၀ |
| ၁၀ | FL-8A<br>အက်ဖ်အယ်လ်-၈အေ | ပြည်ပမှတင်သွင်းသောဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀၀ | ၂၀၀၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁၁ | FL-9 အက်ဖ်အယ်လ်-၉ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၁၂၀၀၀၀၀<br>အခြား = ၆၀၀၀၀၀ | မန္တလေး = ၁၅၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့ = ၁၂၀၀၀၀၀<br>အခြားမြို့များ = ၈၀၀၀၀၀ |
| ၁၂ | FL-9A အက်ဖ်အယ်လ်-၉အေ | ပြည်ပမှတင်သွင်းသောဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၁၂၀၀၀၀၀<br>အခြား = ၆၀၀၀၀၀ | မန္တလေး = ၁၅၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့ = ၁၂၀၀၀၀၀<br>အခြားမြို့များ = ၈၀၀၀၀၀ |
| ၁၃ | FL-11 အက်ဖ်အယ်လ်-၁၁ | နိုင်ငံခြားအရက်များ (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | မန္တလေး = ၃၀၀၀၀၀၀<br>အခြား = ၁၀၀၀၀၀၀ | မန္တလေး = ၃၀၀၀၀၀၀<br>အခြား = ၁၀၀၀၀၀၀ |
| ၁၄ | FL-12 အက်ဖ်အယ်လ်-၁၂ | နိုင်ငံခြားအရက်များ (Foreign Alcoholic) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | မန္တလေး = ၁၅၀၀၀၀၀<br>အခြား = ၅၀၀၀၀၀ | မန္တလေး = ၂၅၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့ = ၁၅၀၀၀၀၀<br>အခြားမြို့များ = ၁၀၀၀၀၀၀ |
| ၁၅ | FL-14 အက်ဖ်အယ်လ်-၁၄ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) စစ်ဘက်ဆိုင်ရာ အရောင်းဆိုင်ကလေး (Military Canteen) များတွင် လက်လီရောင်းချခွင့်လိုင်စင်<br>(က) တပ်ရင်းအတွက်<br>(ခ) တပ်ရင်းထက်ငယ်သော အဖွဲ့အစည်းများအတွက် | - | - |
| ၁၆ | FL-15 အက်ဖ်အယ်လ်-၁၅ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ဥပစာအတွင်း တည်းခိုသူများနှင့်ခရီးသွားသူများ သောက်သုံးရန်၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာအား ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး/ပုဂံ = ၃၀၀၀၀၀၀<br>အခြား = ၁၀၀၀၀၀၀ | မန္တလေး၊ညောင်ဦး = ၃၀၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ) မြို့ = ၂၀၀၀၀၀၀<br>အခြားမြို့များ = ၁၀၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁၇ | FL-15A အက်ဖ်အယ်လ်-၁၅အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့မဟုတ်) တည်းခိုခန်း ဥပစာအတွင်း တည်းခိုသူများ သောက်သုံးရန် ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး/ပုဂံ = ၃၀၀၀၀၀၀<br>အခြား = ၁၀၀၀၀၀၀ | မန္တလေး၊ညောင်ဦး = ၃၀၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ) မြို့ = ၂၀၀၀၀၀၀<br>အခြားမြို့များ = ၁၀၀၀၀၀၀ |
| ၁၈ | FL-16 အက်ဖ်အယ်လ်-၁၆ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၁၀၀၀၀၀၀<br>အခြား = ၅၀၀၀၀၀ | မန္တလေး = ၁၀၀၀၀၀၀<br>အခြား = ၅၀၀၀၀၀ |
| ၁၉ | FL-17 အက်ဖ်အယ်လ်-၁၇ | နိုင်ငံခြားအရက်များ (Foreign Alcholic Liquor) ကို ဟိုတယ်နှင့်နားနေခန်း၊ဘူတာ၊လေဆိပ်၊ သင်္ဘောဆိပ်၊မီးရထားစားသောက်တွဲနှင့်စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၂၄၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ | မန္တလေး = ၃၀၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့ = ၂၀၀၀၀၀၀<br>အခြားမြို့များ = ၁၅၀၀၀၀၀ |
| ၂၀ | FL-17A အက်ဖ်အယ်လ်-၁၇အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) လူမှုရေးအဖွဲ့အစည်း (Charitable Institute) ကို ဥပစာအတွင်း သောက်သုံးရန်အဖွဲ့အစည်းအာဏာပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၂၄၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ | မန္တလေး = ၂၄၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ |
| ၂၁ | FL-18 အက်ဖ်အယ်လ်-၁၈ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူပျော်ပွဲရှင်ပွဲဧည့်ခံပွဲတွင် ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင် | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၂ | FL-19 အက်ဖ်အယ်လ်-၁၉ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ နားနေခန်း ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာ၏ပြင်ပသို့ ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၂၃ | FL-20 အက်ဖ် အယ်လ်-၂၀ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို မီးရထားစားသောက်ခန်းဉပစာအတွင်း ခရီးသည်များသာသောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ ယူဆောင်ရန် စားသောက်တွဲ အငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၄ | FL-21 အက်ဖ် အယ်လ်-၂၁ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့်ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး (သို့မဟုတ်) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၂၅ | FL-22 အက်ဖ် အယ်လ်-၂၂ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ (သို့မဟုတ်) ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဉပစာအတွင်း သောက်သုံးရန်ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၆ | G-1 ဂျီ-၁ | ရှာလကာရည်ထုတ်လုပ်ခွင့် လိုင်စင် | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၇ | FL-23 အက်ဖ် အယ်လ်-၂၃ | မူးယစ်စေတတ်သောဆေးဝါး မဟုတ်သောအရက်ပြန်ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့် အလားတူ ဖျော်ရည်များကို ဆေးဆရာ (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်း (သို့မဟုတ်) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ | ၁၀၀၀၀ |
| ၂၈ | FL-24 အက်ဖ် အယ်လ်-၂၄ | သန့်စင်ပြီးသော နိုင်ငံခြား အရက်ပြင်းများ (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ | ၁၀၀၀၀ |
| ၂၉ | FL-25 အက်ဖ် အယ်လ်-၂၅ | ဂုဏ်သတ္တိပျက် အရက်ပြန် ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၃၀ | FL-2C အက်ဖ် အယ်လ်-၂ စီ | သန့်စင်ပြီး အရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ၃၁ | FL-2D အက်ဖ် အယ်လ်-၂ ဒီ | အရက်ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ | ၁၀၀၀၀ |
| ၃၂ | Y-1 ဝိုင်-၁ | တဆေးများထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ | ၅၀၀၀၀၀ |
| ၃၃ | Y-2 ဝိုင်-၂ | တဆေးများရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ | ၅၀၀၀၀၀ |
| ၃၄ | D-1A ဒီ-၁အေ | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်၊ လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကား ရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ |
| ၃၅ | CS-2A စီအက်စ်-၂အေ | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက် အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | မန္တလေး = ၂၀၀၀၀၀<br>အခြား = ၁၀၀၀၀၀ | မန္တလေး = ၄၀၀၀၀၀<br>(ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့ = ၃၀၀၀၀၀<br>အခြားမြို့များ = ၂၀၀၀၀၀ |
| ၃၆ | CFL-2A စီအက်ဖ် အယ်လ်-၂အေ | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၁၀၀၀၀၀<br>အခြား = ၅၀၀၀၀ | (မန္တလေး၊ = ၂၀၀၀၀၀<br>ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး) မြို့<br>အခြားမြို့များ = ၁၀၀၀၀၀ |
| ၃၇ | | ဘိလပ်ရည်၊ အဖျော်ရည် ထုတ်လုပ်ခွင့်လိုင်စင် | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) လေလံကြမ်းခင်းနှုန်း |
|---|---|---|---|---|
| ၃၈ | CFL-1 စီအက်ဖ်အယ်လ်-၁ | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာတွင် သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ | ၂၀၀၀၀၀ |
| ၃၉ | CFL-2 စီအက်ဖ်အယ်လ်-၂ | ထန်းရည်၊ ဓနိရည်မှအပ အခြားလှော်စာရည်များ (Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | ၆၀၀၀၀၀ |
| ၄၀ | CS-1 စီအက်စ်-၁ | မြန်မာပြည်တွင်းရှိအရက်ချက်စက်ရုံများမှ ထုတ်လုပ်သောဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ၄၁ | CS-2 စီအက်စ်-၂ | အရက်ဖို ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့်ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| | | **စီးပွားဖြစ်ချက်၍ လက်လီလက်ကားရောင်းခွင့်** | ၁၈၀၀၀၀၀ | ၁၈၀၀၀၀၀ |
| ၄၂ | CS-3 စီအက်စ်-၃ | မြန်မာပြည်တွင်းရှိအရက်ဖိုများမှ ထုတ်လုပ်သောဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| ၄၃ | FL-7 အက်ဖ်အယ်လ်-၇ | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သောနိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး၊ ပုဂံ = ၂၀၀၀၀၀၀<br>ပြင်ဦးလွင်<br>အခြား = ၁၂၀၀၀၀၀ | (မန္တလေး = ၂၀၀၀၀၀၀<br>ပြင်ဦးလွင်၊<br>ကျောက်ဆည်၊<br>မိတ္ထီလာ၊ မြင်းခြံ၊<br>ညောင်ဦး) မြို့<br>အခြားမြို့များ = ၁၂၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) လေလံကြမ်းခင်းနှုန်း |
|---|---|---|---|---|
| ၄၄ | FL-10 အက်ဖ်အယ်လ် -၁၀ | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန်လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၁၂၀၀၀၀၀<br>အခြား = ၆၀၀၀၀၀ | မန္တလေး = ၁၂၀၀၀၀၀<br>အခြား = ၆၀၀၀၀၀ |
| ၄၅ | FL-13 အက်ဖ်အယ်လ် -၁၃ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | မန္တလေး = ၂၀၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ | မန္တလေး = ၂၀၀၀၀၀၀<br>အခြား = ၁၂၀၀၀၀၀ |
| ၄၆ | CFL-2 CS-2 စီအက်ဖ်အယ်လ် -၂ စီအက်စ် -၂ | ထန်းရည်၊ ဓနိရည်မှအပ အခြားလှော်စာရည်များ (Country Fermented Liquor) နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဆိုင်၏ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | ၆၀၀၀၀၀ |

# မကွေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ

## (မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

## နိဒါန်း

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်သည့်ဝန်ကြီးကို ဆိုသည်။

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

(င) **စိစစ်ရေးကော်မတီ**ဆိုသည်မှာ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရေးနှင့်ပတ်သက်၍ စိစစ်တင်ပြရန် ဤဥပဒေအရ ဖွဲ့စည်းထားသော စိစစ်ရေး ကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မကွေးတိုင်းဒေသကြီးကို အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးဖြစ်လာ စေရန်၊

(ခ) ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်၊ ဌာန၊ အသင်း၊ အဖွဲ့အစည်းများကို ထိုက်တန်စွာဂုဏ်ပြုနိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် စံနမူနာပြုအတုယူထိုက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အသင်း၊ အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန်။

## အခန်း (၃)
## ဂုဏ်ထူးဆောင်ဆုအမျိုးအစားများ

၄။ ဤဥပဒေအရ အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင်ဆုအမျိုးအစားများမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ခ) စီမံခန့်ခွဲရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဂ) စီးပွားရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဃ) လူမှုရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(င) ပညာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(စ) ကျန်းမာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဆ) အားကစားဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဇ) ဘာသာ၊ သာသနာဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဈ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ည) စိုက်ပျိုးရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဋ) မွေးမြူရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဌ) စက်မှုလက်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဍ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဎ) သုတေသနလုပ်ငန်းဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

(ဏ) နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင်ဆု

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ ပါ ဂုဏ်ထူးဆောင်ဆုအမျိုးအစားများအပြင် အခြားထူးချွန်မှုများ အတွက်လည်း ဂုဏ်ထူးဆောင်ဆု ချီးမြှင့်အပ်နှင်းနိုင်သည်။

၆။　အစိုးရအဖွဲ့သည် ပုဂ္ဂိုလ်တစ်ဦးချင်းကိုသော်လည်းကောင်း၊ ဌာန၊ အသင်း၊ အဖွဲ့အစည်းများကိုသော် လည်းကောင်း ဂုဏ်ထူးဆောင်ဆု ချီးမြှင့်အပ်နှင်းနိုင်သည်။

## အခန်း (၄)

## စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။　အစိုးရအဖွဲ့သည် စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (ဂ) | သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (ဃ) | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (င) | ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (စ) | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (ဆ) | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး | အဖွဲ့ဝင် |
| (ဇ) | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဥပဒေချုပ် | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် | အဖွဲ့ဝင် |
| (ဍ) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |

၈။　စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ထိုက်သူများအမည်စာရင်းနှင့် ထောက်ခံချက်ပုံစံများကို အစိုးရအဖွဲ့က သတ်မှတ်သည့်ရက်အတွင်း ပေးပို့ရန် သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာန၊ အသင်း၊ အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံမှ တောင်းခံခြင်း၊

(ခ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် တင်ပြလာသည့် ထောက်ခံချက်ပုံစံများကို လက်ခံစိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း။

၉။　စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ထပ်မံချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် တင်ပြရမည်။

## အခန်း (၅)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အသင်း၊ အဖွဲ့အစည်းများ

၁၀။　ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်သူများ၊

(ခ) တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းသူများ၊

(ဂ) ပရဟိတလုပ်ငန်းများတွင် ရှေ့ဆောင်ရှေ့ရွက်ပြု၍ ထူးချွန်စွာ ဆောင်ရွက်သူများ၊

(ဃ) ထူးချွန်အောင်မြင်စွာ စွန့်ဦးတီထွင်နိုင်သူများ၊

(င) စာပေ၊ ဂီတ၊ အနုသုခုမပညာရပ်များတွင် တိုင်းဒေသကြီးဂုဏ်ကို ဆောင်နိုင်သူများ၊

(စ) လူမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ထူးချွန်စွာ ဆောင်ရွက်သူများ၊

(ဆ) သဘာဝဘေးအန္တရာယ်များကြောင့် ဒုက္ခရောက်နေသူများအား သက်စွန့်ကြိုးပမ်းကူညီစောင့်ရှောက်သူများ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်သူများ၊

(ဈ) စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကုန်ထုတ်လုပ်ငန်းများတွင် ထူးချွန်အောင်မြင်စွာဆောင်ရွက်သူများ၊

(ည) ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်ပြီး တိုင်းဒေသကြီးဂုဏ်ကို ဆောင်သူများနှင့် ထူးချွန်သူများ ထွက်ပေါ်လာအောင် ဆောင်ရွက်သူများ၊

(ဋ) မြန်မာ့ရိုးရာပန်းဆယ်မျိုးနှင့်ပတ်သက်၍ တိုင်းဒေသကြီးဂုဏ်ကို ဆောင်သူများ၊

(ဌ) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်သူများ၊

(ဍ) အကျင့်စရိတ္တနှင့်ပတ်သက်၍ အများပြည်သူ စံနမူနာယူထိုက်သူများ။

## အခန်း (၆)
## ထောက်ခံတင်ပြခြင်းဆိုင်ရာ နည်းလမ်းများ

၁၁။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရေးနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံ့ဝန်ထမ်းများအတွက်ဖြစ်ပါက -

(၁) သက်ဆိုင်ရာကြီးကြပ်သူအရာရှိက သတ်မှတ်ပုံစံတွင် ဖြည့်သွင်းလျက် အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲ သို့မဟုတ် ရုံးဝန်ထမ်းအကြီးအမှူးထံ ထောက်ခံတင်ပြရန်၊

(၂) တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲ သို့မဟုတ် ရုံးဝန်ထမ်းအကြီးအမှူးမှ ဌာနအတွင်း စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စိစစ်ရေးကော်မတီထံ ထောက်ခံတင်ပြရန်။

(ခ) တပ်မတော်သားများအတွက်ဖြစ်ပါက -

(၁) သက်ဆိုင်ရာတပ်မှူးက သတ်မှတ်ပုံစံတွင် ဖြည့်သွင်းလျက် အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာတပ်မမှူး၊ တိုင်းမှူးတို့ထံ အတည်ပြုချက်ရယူရန်၊

(၂) တပ်မမှူး၊ တိုင်းမှူးတို့၏ အတည်ပြုချက်ရရှိပါက ယင်းအတည်ပြုချက်ဖြင့် စိစစ်ရေး ကော်မတီထံ ဆက်လက်တင်ပြရန်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက်ဖြစ်ပါက -

(၁) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တပ်ခွဲမှူးတို့က သတ်မှတ်ပုံစံတွင် ဖြည့်သွင်းလျက် အကျိုး အကြောင်းပြည့်စုံစွာဖော်ပြ၍ အထက်အဆင့်ဆင့်အရာရှိများမှတစ်ဆင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံ ထောက်ခံတင်ပြရန်၊

(၂) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လိုအပ်သလိုစိစစ်၍ စိစစ်ရေးကော်မတီထံ ထောက်ခံတင်ပြရန်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) မှအပ အခြားလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအတွက်ဖြစ်ပါက -

(၁) လူမှုအဖွဲ့အစည်းများ၊ ပြည်သူများက သတ်မှတ်ပုံစံတွင် ဖြည့်သွင်းလျက် အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီထံ တင်ပြရန်၊

(၂) ပုဒ်မခွဲငယ် (၁) အရ တင်ပြလာပါက သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ညှိနှိုင်းစိစစ်၍ စိစစ်ရေး ကော်မတီထံ ထောက်ခံတင်ပြရန်။

## အခန်း (၇)

## ဆုချီးမြှင့်အပ်နှင်းရန် နေ့ရက်သတ်မှတ်ခြင်း

၁၂။ **နှစ်စဉ် ဇန်နဝါရီလ ၄ ရက်** ကို တိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းများချီးမြှင့်အပ်နှင်းရန် နေ့ရက်အဖြစ် သတ်မှတ်သည်။

## အခန်း (၈)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခြင်း

၁၃။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်း နိုင်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေကို နှစ်စဉ် တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲပြီး အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၁၄။ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် ငွေနှင့်ဆုပစ္စည်းများ လှူဒါန်းလာပါက ဝန်ကြီးက လက်ခံ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲနိုင်သည်။

## အခန်း (၉)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၅။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက အစိုးရအဖွဲ့သည် ချီးမြှင့်အပ်နှင်းထားသော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပြန်လည်ရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုကျူးလွန်ကြောင်း တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဌာနဆိုင်ရာအရေးယူခံရပြီး ရာထူးမှ ထုတ်ပယ်ခံရခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရပြီး ရာထူးမှထုတ်ပယ်ခံရခြင်း သို့မဟုတ် ထုတ်ပစ် ခံရခြင်း၊

(င) ထောက်ခံချက်ပုံစံပါ အချက်အလက်အကြောင်းအရာများကို မမှန်မကန်ဖော်ပြခဲ့ကြောင်း တွေ့ရှိခြင်း၊

(စ) ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သောအခြားအကြောင်းအချက်တစ်ရပ်ရပ် တွေ့ရှိခြင်း။

## အခန်း (၁၀)

## အထွေထွေ

၁၆။ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ (၁)

**နိုင်ငံ့ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

[ပုဒ်မ ၁၂ (က) ကို ရည်ညွှန်းသည်]

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် ---------------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------

(ခ) ကိုယ်ပိုင်အမှတ် ---------------------------------------------

(ဂ) အဘအမည် ---------------------------------------------

(ဃ) မွေးသက္ကရာဇ် ---------------------------------------------

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

(စ) အဆင့်/တာဝန် ---------------------------------------------

(ဆ) ဌာန ---------------------------------------------

(ဇ) နေရပ်လိပ်စာ ---------------------------------------------

၃။ သက်ဆိုင်ရာကြီးကြပ်သူအရာရှိ၏ ထောက်ခံရသည့် အကျိုးအကြောင်းဖော်ပြချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ---------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

အမည် -----------------------------------
ကိုယ်ပိုင်အမှတ် -----------------------------------
ရာထူး -----------------------------------
ဌာန -----------------------------------
ရက်စွဲ -----------------------------------

ပုံစံ (၁) အဆက်

၄။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိ၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်)

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ------------------------------------

၅။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိ၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်)

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ------------------------------------

၆။ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲ သို့မဟုတ် ရုံးဝန်ထမ်းအကြီးအမှူး၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ------------------------------------

ပုံစံ (၂)

**တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

[ပုဒ်မ ၁၁ (ခ) ကို ရည်ညွှန်းသည်]

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ်/ပြန်တမ်းဝင်အမှတ် ----------------------------------------

(ခ) အဆင့် ----------------------------------------

(ဂ) အမည် ----------------------------------------

(ဃ) မွေးသက္ကရာဇ် ----------------------------------------

(င) စစ်မှုထမ်းသက် ----------------------------------------

(စ) တပ် ----------------------------------------

၃။ သက်ဆိုင်ရာတပ်မှူး၏ ထောက်ခံရသည့် အကျိုးအကြောင်းဖော်ပြချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

အမည် ----------------------------------------
ရာထူး ----------------------------------------
တပ် ----------------------------------------
ရက်စွဲ ----------------------------------------

၄။ တပ်မမှူး/တိုင်းမှူး၏ အတည်ပြုထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲပေးပို့နိုင်သည်)
----------------------------------------
----------------------------------------
----------------------------------------

အမည် ----------------------------------------
ရာထူး ----------------------------------------
တိုင်း/တပ်မ ----------------------------------------
ရက်စွဲ ----------------------------------------

ပုံစံ (၃)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

[ပုဒ်မ ၁၁ (ဂ) ကို ရည်ညွှန်းသည်]

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ်/ပြန်တမ်းဝင်အမှတ် ----------------------------------------------

(ခ) အဆင့် ----------------------------------------------

(ဂ) အမည် ----------------------------------------------

(ဃ) မွေးသက္ကရာဇ် ----------------------------------------------

(င) အမှုထမ်းသက် ----------------------------------------------

(စ) တပ်ရင်း/တပ်ဖွဲ့ ----------------------------------------------

၃။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး/တပ်ခွဲမှူး၏ ထောက်ခံရသည့် အကျိုးအကြောင်းဖော်ပြချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ----------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

တပ်ရင်း/တပ်ဖွဲ့ ------------------------------------

ရက်စွဲ ------------------------------------

၄။ ခရိုင်ရဲတပ်ဖွဲ့မှူး/တပ်ဖွဲ့ခွဲမှူး၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်)

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

တပ်ရင်း/တပ်ဖွဲ့ ------------------------------------

ရက်စွဲ ------------------------------------

၅။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြား ပူးတွဲပေးပို့နိုင်သည်)

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

အမည် ------------------------------------

ကိုယ်ပိုင်အမှတ် ------------------------------------

ရာထူး ------------------------------------

တပ်ရင်း/တပ်ဖွဲ့ ------------------------------------

ရက်စွဲ ------------------------------------

ပုံစံ (၄)

**လူမှုအဖွဲ့အစည်းများ/ပြည်သူများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

[ပုဒ်မ ၁၁ (ဃ) ကို ရည်ညွှန်းသည်]

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------------

၂။ လူပုဂ္ဂိုလ်ဖြစ်ပါက -
(က) အမည် ----------------------------------------------
(ခ) အဘအမည် ----------------------------------------------
(ဂ) မွေးသက္ကရာဇ် ----------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------------
(င) အလုပ်အကိုင် ----------------------------------------------
(စ) နေရပ်လိပ်စာ ----------------------------------------------

၃။ လူမှုအဖွဲ့အစည်းဖြစ်ပါက -
(က) အဖွဲ့အစည်းအမည် ----------------------------------------------
(ခ) အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ----------------------------------------------
(ဂ) လုပ်ငန်းစဉ် ----------------------------------------------
(ဃ) လိပ်စာ ----------------------------------------------

၄။ အဆိုပြုသူ၏ အကျိုးအကြောင်းဖော်ပြချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) -
----------------------------------------------------------------------------------------------
----------------------------------------------------------------------------------------------
----------------------------------------------------------------------------------------------

အမည် -----------------------------------
မှတ်ပုံတင်အမှတ်-----------------------------------
အဖွဲ့အစည်း -----------------------------------
နေရပ်လိပ်စာ -----------------------------------
ရက်စွဲ -----------------------------------

၅။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ထောက်ခံရသည့် အကျိုးအကြောင်းဖော်ပြချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ----------------------------------------------------------
----------------------------------------------------------------------------------------------
----------------------------------------------------------------------------------------------

အမည် -----------------------------------
ကိုယ်ပိုင်အမှတ် -----------------------------------
ဌာန -----------------------------------
မြို့နယ် -----------------------------------
ရက်စွဲ -----------------------------------

၆။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ထောက်ခံချက် (လိုအပ်လျှင် သီးခြားစာဖြင့် ပူးတွဲတင်ပြနိုင်သည်) ----------------------------------------------------------------------------
----------------------------------------------------------------------------------------------
----------------------------------------------------------------------------------------------

အမည် -----------------------------------
မဲဆန္ဒနယ်မြေ -----------------------------------
မြို့နယ် -----------------------------------
ရက်စွဲ -----------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

**ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)**
**ထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးသော **ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)** (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။) ကို ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒေါက်တာသက်ဇော်ဦး
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်လွှတ်တော်ရုံး

## ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)

**(၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)** ဟု ခေါ်တွင်စေရမည်။

၂။ ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေတွင်ပါရှိသော "ငွေချေးလုပ်ငန်း" ဆိုသည့်စကားရပ်ကို "အသေးစားငွေချေးလုပ်ငန်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (က) ၌ပါရှိသော "၂၀၁၆ ခုနှစ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ကရင်ပြည်နယ် ငွေချေးလုပ်ငန်းဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ တည်ဆဲဥပဒေများအရ လိုင်စင်လျှောက်ထားခြင်းမရှိသေးသူများသည် အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်လိုပါက ဤဥပဒေအရ လိုင်စင်ရယူရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ကော်မတီအဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ကရင်ပြည်နယ်လွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၀ နှင့်အညီ ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်အရ ကရင်ပြည်နယ်လွှတ်တော်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင်၊ ကြည်း ၂၈၂၈၈ **ဒုတိယဗိုလ်မှူးကြီးမင်းရဲထွေး** (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်) **အစား** ကြည်း ၂၂၇၉၈ **ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း** (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်) အားလည်းကောင်း၊ ကရင်ပြည်နယ်လွှတ်တော်၊ စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီအဖွဲ့ဝင် ကြည်း ၃၆၂၁၇ **ဗိုလ်မှူးတေဇာအောင်** (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်) **အစား** ကြည်း ၃၅၉၈၅ **ဗိုလ်မှူးဇော်လတ်ဝင်း** (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်) အားလည်းကောင်း အစားထိုးတာဝန်ပေးအပ်လိုက်သည်။

စောချစ်ခင်
ဥက္ကဋ္ဌ
ကရင်ပြည်နယ်လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ကရင်ပြည်နယ်လွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နှင့်အညီ ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်အရ ကရင်ပြည်နယ်လွှတ်တော်၊ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ် (၉) ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်မိအေးအေးမွန် | ပြည်နယ်တရားရေးဦးစီးမှူး (ငြိမ်း)<br>ပြည်နယ်တရားလွှတ်တော်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးဝင်းမင်းလွင်<br>ကြည်း ၃၄၇၀၂ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>ကရင်ပြည်နယ်လွှတ်တော် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်နုနုဝေ | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်တရားလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နန်းညိုရှင်းလင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ်တရားလွှတ်တော်ရုံး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးစထွန်းအောင် | မြို့နယ်ဥပဒေအရာရှိ (ငြိမ်း) | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းဝင်းဝါဝါထွန်း | အထက်တန်းရှေ့နေ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မျိုးသူဇာအောင် | အထက်တန်းရှေ့နေ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြဆန်းထက် | တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဈ) | ဦးစောသိန်းဖေမြင့် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်ဥပဒေချုပ်ရုံး | အတွင်းရေးမှူး |

**သက်တမ်း**

၂။ အဖွဲ့၏သက်တမ်းမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ တစ်နှစ်ဖြစ်သည်။ အဖွဲ့၏သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး သက်တမ်းတိုးမြှင့် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

**အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃။ အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂) တွင်ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဥပဒေပြုခွင့်ရှိသည့် ဥပဒေများအနက် ကရင်ပြည်နယ်အတွက် လတ်တလော သို့မဟုတ် ဦးစားပေးပြဋ္ဌာန်းသင့်သည့် ဥပဒေများအား လေ့လာသုံးသပ်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ကရင်ပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများအနက် နည်းဥပဒေထုတ်ပြန်သင့်သော ဥပဒေများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုတင်ပြရမည်။

(ဂ) ဌာနဆိုင်ရာများမှ ဥပဒေကြမ်းများနှင့် နည်းဥပဒေများရေးဆွဲရာတွင် လိုအပ်သောအကူအညီများ တောင်းခံပါက ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်။

(ဃ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(င) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(စ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက်သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့အတွင်း တာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်ရမည်။

(ဆ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့အနေဖြင့် အကြံဉာဏ်ပေးရမည်။

(ဇ) ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဈ) ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ည) ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့သည် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်အပေါ်မူတည်၍ လုံခြုံမှု အဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

၄။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့သည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

၅။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့သည် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၆။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့သည် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆွေးနွေး စဉ်းစားရာ၌ ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(က) ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့တွင် အဆိုတင်သွင်းခြင်း၊ အကြံပြုတင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူ မလို။

(ခ) ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ အဖွဲ့ဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၇။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ အစည်းအဝေးတွင် အဖွဲ့ဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့တွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။

၈။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ အဖွဲ့က အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

၉။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**အဖွဲ့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၀။ အဖွဲ့ဝင်များသည် -

(က) အဖွဲ့အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှ အပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) အဖွဲ့အစည်းအဝေးတက်ရောက်နေစဉ်အတွင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) အဖွဲ့ဝင်များသည် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

၁၁။ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့တွင် အဖွဲ့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ဥပဒေ လေ့လာသုံးသပ်ရေးအဖွဲ့အစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ရုံးစိုက်ရာ ဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း သက်ဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့် များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ် ထားသောနှုန်းထားများအတိုင်း ခံစားခွင့်ပြုရန်နှင့် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် (၅၀၀၀ိ/-) ကို လည်းကောင်း၊ အခြားအသုံးစရိတ် (၅၀၀၀ိ/-) ကိုလည်းကောင်း၊ စားသောက်စရိတ် (၁၀၀၀၀ိ/-) ကိုလည်းကောင်း ခံစားခွင့်ရှိပြီး ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းထား အတိုင်း ခံစားခွင့်ရှိသည်။

စောချစ်ခင်
ဥက္ကဋ္ဌ
ကရင်ပြည်နယ်လွှတ်တော်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၄၈၄ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၅) (၁၁၁၂/၂၀၁၉) (လဆ) နှင့် ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၅) (၁၄၅၃/၂၀၁၉) (လဆ) တို့အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၅) ဦးအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဌာနခွဲ/ဌာနများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင် လျက်ရှိသည့် ဌာနခွဲ၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ဌာနခွဲ၊ ဌာန |
|---|---|---|---|
| ၁။ | ဦးမြင့်ဇော် | လှည်းကူးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | မွန်ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ပြည်နယ်ရုံး) |
| ၂။ | ဦးကျော်ဇောဝင်း | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) (ကြေး/စီ) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) (ကြေး/စီ) |
| ၃။ | ဦးထွန်းစိုး | ပင်လုံမြို့လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ရှမ်းပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ပြည်နယ်ရုံး) |
| ၄။ | ဦးဇော်ဇော် | ထားဝယ်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) |
| ၅။ | ဦးတင့်ခိုင်ဦး | နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) (မြေတိုင်း/ပုံနှိပ်) |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနခွဲ၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ဌာနခွဲ၊ ဌာန |
|---|---|---|---|
| ၆။ | ဦးလှမိုးထွေး | ကျိုင်းလတ်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | မလှိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြို့နယ်ဦးစီးဌာနမှူး) |
| ၇။ | ဦးမြင့်နိုင် | မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) | မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) |
| ၈။ | ဦးထွန်းမြင့်ထွန်း | မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) | မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) |
| ၉။ | ဦးတင့်ဇော် | အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | သရက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြို့နယ်ဦးစီးဌာနမှူး) |
| ၁၀။ | ဦးကြည်စိုး | ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ တိုက်ကြီးမြို့ | ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ တိုက်ကြီးမြို့ (ဦးစီးအရာရှိ) |
| ၁၁။ | ဦးစောတာမလာဝါး | ကွမ်းခြံကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြို့နယ်ဦးစီးဌာနမှူး) |
| ၁၂။ | ဦးသက်နိုင်ဦး | ကချင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ပြည်နယ်ရုံး) | ဒီပဲယင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြို့နယ်ဦးစီးဌာနမှူး) |
| ၁၃။ | ဦးနေဝင်း | ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ တိုက်ကြီးမြို့ | သန်လျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြို့နယ်ဦးစီးဌာနမှူး) |
| ၁၄။ | ဦးအောင်ကျော်မိုး | မိုင်းခုတ်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ပြည်နယ်ရုံး) |
| ၁၅။ | ဦးကျော်မင်းလှိုင် | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) (မြေယာ) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) (မြေယာ) |

သက်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE UNDER SECTION 348 OF
THE MYANMAR COMPANIES LAW

**MYANMAR PETRONAS TRADING COMPANY LIMITED**

At a Special General Meeting of the shareholder of the Company held at Level 69 Tower 1, Petronas Twin Towers KLCC, 50088 Kuala Lumpur, Malaysia on 18th July, 2019 the following resolutions were passed as Special Resolutions:

**Resolved: -**

(1) that the Company be wound up voluntarily.

(2) that U Papo Ganesan [B.A (English), R.L.], Advocate (Registration No. 4647) of Khin Su Htay & Associates Legal and Tax Consultants Ltd, be and is hereby appointed Liquidator to conduct the said winding-up.

Therefore, I, the undersigned Liquidator of the above named Company have fixed 19th August, 2019 as the day on or before which the creditors of the Company are to prove their debts or claims, failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Mr. Ahmad Hakimi Bin
Muhammad Radzi
Director

U Papo Ganesan
[B.A (English), R.L.],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd,
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

In the matter of the Myanmar Companies Law and

**Hitachi Home Electronics Myanmar Co., Ltd**

(Under Sections 345 & 348)

The Special General Meeting of **Hitachi Home Electronics Myanmar Co., Ltd** duly held and convened on 28th June, 2019 at 9:00 am at Room 438A Alexandra Road, #01-01/02/03 Alexandra Technopark, Singapore 119967, the following resolutions were passed unanimously as Special Resolutions:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound up voluntarily under Members' Voluntary Winding up.

(2) Resolved that Daw Sann Sann Tint, B.Com, CPA, holder of Citizenship Scrutiny Card No. 12/Ta Ma Na (Naing) 078514, Senior Manager of Global United Myanmar Limited of No.221, Sule Pagoda Road, # 14-11, Level 14, Kyauktada Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized her to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

By order of the Board,

Mr. Chen Teck Beng
Managing Director
Hitachi Home Electronics Myanmar Co., Ltd

**သည် တေဘယ် အင်ချဲလ် ကုမ္ပဏီလီမိတက်**

**(The Table & Chair Company Limited)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သည် တေဘယ် အင်ချဲလ် ကုမ္ပဏီလီမိတက် (The Table & Chair Company Limited)** အား (၁-၇-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

OHNMAR KYAW
Managing Director
THE TABLE & CHAIR CO., LTD

Myat Lwin Moe
[B.Com (Q), CPA]
Certified Public Accountant
AUDITOR

**ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက်**

**(SU TET LI TRAVELS & TOURS COMPANY LIMITED)**

မြန်မာကုမ္ပဏီများဥပဒေအရ

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါက်တာအေးအေး
မန်နေးဂျင်းဒါရိုက်တာ
ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက်

(Claim Notice)

ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း

**ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက်**

**ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၇-၈-၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (အေ-၃/ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၂၃၃၁၅၉၊ ၀၁-၂၃၀၄၃၄၉

In the matter of the Myanmar Companies Law (2017)

**HONEYWELL PTE LTD (YANGON BRANCH)**

(In Members Voluntary Winding-Up)

Notice of Resolutions pursuant to section 348

DIRECTORS RESOLUTION of Honeywell Pte Ltd were passed at

**Resolutions:-**

1. That the Yangon Branch Office be voluntarily wound-up by the members with effect from 17th July, 2019.

2. That Daw Me Me Kyaw, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Branch Office are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.81 E, Maharsi Tharthana Yeikthar Street, Bahan Township, Yangon, Myanmar before 16th August 2019.

(Authorised Officer)
May Thet Win
For and on behalf of
Honeywell Pte. Ltd (Yangon Branch)

Me Me Kyaw
Liquidator

In the matter of the Myanmar Companies Act and

**BINTAI KINDENKO ENGINEERING MYANMAR COMPANY LIMITED**

(In Voluntary Liquidation)

[Notice Under Section 357 A]

Notice is hereby given that the Final General Meeting of the Contributories Under Section 357 A Room No. 507 (A), Hledan Centre, 5th Floor, No. 3C-3D, Corner of Pyay Road & Hledan Road, Kamayut Township, Yangon Region, Myanmar on (19-8- 2019) at 9:00 am for the purpose of laying before it on account of the winding up.

DAW AYE THIDAR
LIQUIDATOR
NGWE INZALY AUDIT FIRM
Room. 801, Tower B, 8th Floor, 50th Street
Condominium (AMPS), Between Maha Bandoola Road &
Merchant Road, Botahtaung Township, Yangon.

## The Strand Trading Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။　အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၁၇-၇-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး အထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။　သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၁၉-၈-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| Zaw Htike | ဦးခင်ဝင်း |
| Managing Director | [B.A, H.G.P., R.L., D.B.L, D.I.L, D.M.L |
| The Strand Trading Co., Ltd | P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)] |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

(ရုံး) အမှတ်-၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၀၀၈၅၈၃

## MYANMAR FOREVER CONSTRUCTION COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၅၇ (က) အရ ဖျက်သိမ်းဆဲ **MYANMAR FOREVER CONSTRUCTION COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၉-၈-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉:၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**MYANMAR NWE FOOD & BEVERAGES PRODUCTION COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **MYANMAR NWE FOOD & BEVERAGES PRODUCTION COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၉-၈-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**MYANMAR CEMENT & MINERAL PRODUCTION COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **MYANMAR CEMENT & MINERAL PRODUCTION COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၉-၈-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## CHANNEL MARKETING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **CHANNEL MARKETING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၉-၈-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## TRUST AVIATION SUPPLIES COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **TRUST AVIATION SUPPLIES COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၉-၈-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၉-၇-၂၀၁၉။